

# တေဇ

## ရုပ်စုံ

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ၊ အတွဲ(၃၂)၊ အမှတ်(၃)




ထွန်းရွှေဝါ

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

သို့

မှ

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ အတွဲ(၃၂)၊ အမှတ်(၃)

# တေဇ မာတိကာ

ရုပ်စုံ

တေဇဘာသာရေး
ဒါနရဲ့မျက်မှောက်အကျိုးငါးပါး — ဟန်ဝင်း ၂
တေဇကဗျာ
ပျော်တယ် — ရွှေမြိုင်ပြုံးလွဲမော် ၃
ပရဟိတမောင်မှန်း — အောင်မြင့်မိုး ၄
အိုးပုတ်လေးတွေ — မန်းတင့်မော် ၈
တေဇသုတ
တေဇတို့အတွက်ဗုဒ္ဓဝင် — ကေသက(မဟာဝိဇ္ဇာ) ၂၅
ဟီဗီ၊ မလေးရှားပေးစက်များကို
အဝေးထိန်းကိရိယာ(Remote Control)
ဖြင့် ဖွင့်၊ ပိတ် ထိန်းချုပ်ခြင်း
ဒေါက်တာသန့်စင်(ရှုပဗေဒ) ၃၃
English For Tayza — Ei Phyu ၃၆
ကမ္ဘာ့နိုင်ငံများအနှစ်ချုပ်မှတ်စု — သီဟညိုမောင် ၃၇
မြန်မာနိုင်ငံ၏အထင်ကရမြို့ကြီးများ
(ကျောက်ပန်းတောင်းမြို့) — ထက်ငယ် ၃၈
ဆန်းကြယ်ထူးခြားပုံရိပ်များ — စစ်ဦး ၄၀
စကားပုံများကိုတူးဖော်ခြင်း — သင်းသင်း ၄၁
တေဇပုံပြင်
မြေခွေးရဲ့ထောင်ချောက် — နန္ဒာမိုးကြယ် ၂၈
တေဇဝတ္ထုတို
ခရေပွင့်ချိန် — နိုင်မြင့် ၅
တေဇစာစီစာကုံး
လှူငယ်နှင့် ပရဟိတစိတ်
မသင်းမြတ်နိုး(ပထမဆု) ၄၂
ရုပ်ပြကာတွန်း
X Box ရှာဖွေစက် — မိုးထက်မိုး ၉
ဖိုးသန့်လေး — မိုးသွင် ၁၃
သမားတော်လေး မောင်ဒီပ
ထွန်းထွန်းဝင်း(ရန်ကုန်တက္ကသိုလ်) ၁၇
လက်ရေးက တယ် ... ညှို့တာကိုး
လွမ်းမောင်(သုဝဏ္ဏ) ၂၁
ဖိုးကဲစိန် — ကိုငယ် ၄၅
တေဇမျက်နှာဖုံး — မိုးသွင်

R-209

(၁၅)ရပ်ကွက်၊ ဘောဂဆော်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
Email - tayzabooklet 99@gmail.com
ရန်ကုန်ရုံးခွဲ၊ အမှတ်(၁၈၀)၊ (၃၂)လမ်း၊ ရန်ကုန်မြို့။

နိုင်ငံသားအားလုံးသည် နိုင်ငံတော်ကာကွယ်ရေးအတွက်တာဝန်ရှိသည်။

ပေတ၈
ဘာသာရေး

# ဒါန၏ မျက်မှောက်အကျိုး ငါးပါး



ဟန်ဝင်း

ပေတ၈ကလေးတို့ရေ . . .

ဘုရားရှင်ဟာ ဝေသာလီပြည်၊ မဟာဝုန်တောရှိ စုလစ်မွမ်းချွန်အထွတ်တပ်သောကျောင်းမှာ သီတင်းသုံးတော်မူစဉ် သီဟစစ်သူကြီးမေးမြန်းလျှောက်ထားချက်အရ ဒါန၏မျက်မှောက်လက်ငင်းအကျိုး ၅ မျိုးကို ဟောတော်မူခဲ့ပါတယ်။

ဒါနဝတ္ထုလှူဒါန်းသော အလှူရှင်ဟာ အောက်ပါအကျိုး ၅ မျိုးကို ရရှိခံစားရစေပါတယ်။

(၁) လူအများတို့ မျက်နှာမြင်လျှင် ချစ်ခင်နှစ်သက်ခြင်း။
(၂) သူတော်ကောင်းတို့ မှီဝဲဆည်းကပ်လာခြင်း။
(၃) ဂုဏ်ကျေးဇူးသတင်း ပျံ့နှံ့ကျော်ကြားခြင်း။
(၄) ပရိသတ် ၄ ပါးသို့ ရွံ့ရှားခြင်းကင်း ရဲတင်းစွာချဉ်းကပ်နိုင်ခြင်း။
(၅) သေသည်၏ အခြားမဲ့၌ နတ်ပြည်သို့ လားရောက်ခြင်း။

ပေတ၈ကလေးတို့ရေ . . .

အထက်ဖော်ပြပါ ဒါန၏မျက်မှောက်အကျိုးငါးပါးကို သိရှိစေခြင်းဖြင့် လိမ္မာယဉ်ကျေးတဲ့သူတော်ကောင်းလေးများဖြစ်ကြပါစေ။ ။

ကိုးကား- စုန္ဒာဘာသာသင်ပက်ခွဲကျမ်း(ပဌမတွဲ)



# ပျော်တယ်

လိမ္မာရအောင် စာသင်ကြားလို့
ကျောင်းသွားရတာ ပျော်လှတယ်။

ပညာရအောင် စာသင်ကြားလို့
ကျောင်းသွားရတာ ပျော်လှတယ်။

ကိုယ့်ပြည်ချစ်အောင် စာသင်ကြားလို့
ကျောင်းသွားရတာ ပျော်လှတယ်။
ပျော်တယ် ... ပျော်တယ်။ ။

ရွှေမြိုင်ဖြိုးလှဲ့ခေမာ်

# ပရဟိတ မောင်မုန်း



အမေချစ်စနိုး မှည့်ခေါ်တာ
သူ့အမည် 'မောင်မုန်း'ပါ၊
မောင်မုန်းနာမည် ပန်းသတင်း
အများချစ်ခင် မွှေးပျံ့သင်း။

စိတ်ရင်းကောင်းလို့ မေတ္တာနှာပြု
ဘိုးဘွားတွေကို ဆဲမကျူ၊
ဖျားနာသူကို စာနာရှု
စွမ်းသမျှ သူပြုစု။

ရပ်ရွာရှင်ပြု မင်္ဂလာ
သာရေးနာရေး သူရောက်လာ၊
ကျူရှာပဟာပန် မငြိုငြင်တမ်း
အားကြိုးမာန်တက် ကူညီထမ်း။ ။

အောင်မြင့်မိုး

ပေါဇဝတ္ထုတို

# ခရေပွင့်ချိန်

နိုင်မြင့်



(၁)

မိလုံးသည် စတုတ္ထတန်းဖြေဆိုပြီးသည့် ကျောင်းသူလေးတစ်ယောက်ဖြစ်သည်။ နာမည်အရင်းမှာ ခင်သက်မာဖြစ်သည်။ သို့သော် ငယ်စဉ်ကတည်းက ဝဝလုံးလုံးလေးဖြစ်သဖြင့် ဆွေမျိုးများက မိလုံးဟု ပိုင်းဝန်းခေါ်ဆိုခဲ့ကြသည်။ ထို့ကြောင့် မိလုံးဆိုသော နာမည်တွင်ခဲ့ရသည်။

မိလုံးတို့မိသားစုသည် စုစုပေါင်းလေးယောက်ရှိသည်။ အဖေက ဆိုက်ကားနင်းပြီး အမေက ဈေးထဲတွင် ကုန်စိမ်းရောင်းရသည်။ မိလုံးက သမီးကြီးဖြစ်ပြီး မိလုံး၏အောက်တွင် သုံးနှစ်ခန့်ငယ်သော မောင်လေး သက်ကိုရှိသေးသည်။ မိလုံးသည် နွေရာသီကျောင်းပိတ်ရက်အတွင်း သူ့သူငယ်ချင်းတွေလို ရေကူးသင်တန်း၊ ပန်းချီသင်တန်း၊ ကွန်ပျူတာသင်တန်း အစရှိသော သင်တန်းများကို မတက်နိုင်ပေ။ ကျူရှင်လည်း ကြိုတင်မတက်နိုင်ပေ။

မိလုံး၏အဖေသည် အသောက်အစားမရှိ၊ ဆိုက်ကားကို ကြိုးစားပြီးနင်းသည်။ သို့သော် မိလုံးတို့မှာ အိမ်ပိုင်မရှိပေ။ ဆယ်ပေအိမ်ကလေးတစ်လုံးကို ငှားရမ်းပြီး နေရသည်။ ထို့ကြောင့် အိမ်လခအလျင်မီ

“မိလုံးတို့များ ဘွားဘွားကြီးကို ဘယ်လိုဖားထားသလဲ မသိဘူး။ သူ့ကျတော့ ခြံထဲဝင်ကောက်လို့ရတယ်၊ ငါတို့ကျတော့ မဝင်ရဘူး” ဟု ဂျမ်းပုံတို့အုပ်စုက ပြောတတ်သည်။

ဖို့ပင် သူတို့မိသားစုမှာ မနည်းရုန်းကန်ရသည်။ အထူးသဖြင့် ကျောင်းဖွင့်ချိန်နီးပြီဆိုလျှင် အဖေရောအမေပါ စိတ်ညစ်ကြရသည်။ မောင်နှမနှစ်ယောက်စလုံး ကျောင်းတက်နေသဖြင့် ကျောင်းဖွင့်ခါနီးတွင် ကုန်ကျစရိတ်များအတွက် ငွေကြေးလိုအပ်လာသောကြောင့်ပင် ဖြစ်သည်။

(၂)

မိလုံးတို့ရပ်ကွက်ထဲတွင် ပေတစ်ရာကျော်ကျယ်ဝန်းသောခြံကြီးတစ်ခြံရှိသည်။ ထိုခြံကြီးထဲတွင် ရှေးဟောင်းတိုက်ခံအိမ်ကြီးတစ်အိမ်ရှိ၏။ ထိုအိမ်ကြီးသည် အမွေဆိုင်အိမ်ကြီးဟုသိရပြီး လက်ရှိတွင် ဘွားဘွားဒေါ်ခင်ရီတစ်ယောက်တည်းပဲ အိမ်စောင့်သဘောမျိုးဖြင့် နေထိုင်သည်။ ဒေါ်ခင်ရီသည် မိလုံး၏အဖေ၏ဆိုက်ကားကို စီးတတ်သဖြင့် မိလုံးနှင့်ပါ ခင်မင်ရင်းနှီးနေသည်။

အိမ်ကြီး၏ ပတ်ပတ်လည်တွင် သရက်ပင်၊ မရန်းပင်၊ အုန်းပင်၊ ပိန္နဲပင်များ ပေါက်ရောက်လျက်ရှိသည်။ ထို့ပြင် လမ်းနှင့်နီးသည့် ခြံစည်းရိုးအစပ်တွင် လူတစ်ဖက်စာမကရှိသော ခရေပင်ကြီးတစ်ပင်ရှိသည်။ မိုးဦးကျချိန်နီးပြီဆိုလျှင် ထိုခရေပင်ကြီးသည် ခရေပွင့်များကြွေကျသည်။ အပင်ကြီးက လမ်းမနှင့်နီးသဖြင့် ခြံစည်းရိုးအပြင်ဘက်ကိုလည်း ကြွေကျသော ခရေပွင့်မပျှရှိသည်။

ခရေပွင့်များကြွေကျချိန်တွင် ထိုတိုက်ခံအိမ်ကြီး၏ရှေ့တွင် ခရေပန်းလာကောက်သောကလေးများ များပြားလှသည်။ ဒေါ်ခင်ရီက တခြားကလေးများကို ခြံထဲသို့ဝင်ကောက်ခွင့်မပေးပေမဲ့ မိလုံးကိုတော့ ခြံထဲဝင်၍ ခရေပန်းစိတ်တိုင်းကျကောက်ခွင့်ပေးတတ်သည်။ ထို့ကြောင့် ခရေပန်းကောက်သည့် တခြားဘဝတူကလေးများကမိလုံးကိုမကျေနပ်ကြပေ။

“မိလုံးတို့များ ဘွားဘွားကြီးကို ဘယ်လိုဖားထားသလဲ မသိဘူး။ သူ့ကျတော့ ခြံထဲဝင်ကောက်လို့ရတယ်၊ ငါတို့ကျတော့ မဝင်ရဘူး” ဟု ဂျမ်းပုံတို့အုပ်စုက ပြောတတ်သည်။

“ဒါကတော့လေ ဘွားဘွားကြီးက ငါ့ကို ပိုချစ်တာကိုး” ဟု မိလုံးက အားကျမခံပြန်ပြောလေ့ရှိသည်။

“အေးပေါ့လေ၊ တို့က အပျော်ကောက်တာ၊ ဘယ်လောက်ပဲရရ ပြဿနာမရှိပါဘူး၊ တချို့သူတွေက ရောင်းစားတာဆိုတော့ များများစားစားရမှဖြစ်မှာ၊ ကောက်ကြပါစေအေ” ဟု ဂျမ်းပုံတို့က မကြားတကြား ပြောတတ်သည်။ သူတို့ပြောတာလည်း မှန်နေသဖြင့်

မိလုံး ပြန်မချေပတော့ပေ။

မိလုံးသည် ခရေပန်းများကောက်ပြီး အိမ်သို့ ပြန်ရောက်သောအခါ ခရေပန်းများကို နှီးကြိုးဖြင့် သီကုံးသည်။ တစ်ကုံးနှင့် တစ်ကုံးအရွယ်ပမာဖြစ်စေရန် နှီးကြိုးများ၏အတိုအရှည်တူညီအောင် လုပ်ရသည်။ ခရေပန်းကုံးလေးများရပြီဆိုလျှင် လင်ပန်းကလေး တစ်ချပ်အထဲမှာ ထည့်သည်။ ထို့နောက် အဝတ် သန့်သန့်ကိုရေစွတ်ကာ ပန်းကုံးလေးများ၏အပေါ်မှ ဖုံးအုပ်ရသည်။ သို့မှသာ ပန်းကုံးလေးမညှိုးနွမ်းမှာ ဖြစ်သည်။

**မိလုံးသည် ညောင်းကလည်းညောင်း၊ ချမ်းကလည်းချမ်း၊ ဈေးကလည်းမရောင်းရသဖြင့် စိတ်ညစ်ပြီး မျက်ရည်တွေဝဲတက်လာသည်။ ထိုစဉ် ဖေဖေသည် . . .**

မနက်စောစော အမေဈေးထွက်သောအခါ အဖေက ဆိုက်ကားဖြင့်ဈေးသို့လိုက်ပို့သည်။ ထိုအခါ မိလုံးပါတစ်ပါတည်းလိုက်ပါသွားသည်။ သို့သော် အမေ့အနားတွင် မိလုံးဈေးမရောင်းပေ။ လူသွားလူလာများသော ဈေးဝင်ပေါက်တွင် လင်ပန်းကလေး လက်ပေါ်တင်ကာ မတ်တတ်ရပ်ပြီး ရောင်းရသည်။

"ခရေပန်းကုံးတွေရမယ်၊ ခရေပန်းကုံးတွေရမယ်"ဟု တရစပ်အော်ပြောနေရသည်။ မျက်မှန်းတန်းမိသောသူများကိုလည်း-

"အစ်မရေ ဝယ်သွားပါအုံး၊ အန်တီရေ ဝယ်ပါလား"ဟုလည်း ဈေးရောင်းကောင်းအောင် ချိုချိုသာသာ ပြောရသည်။ မနက်ခြောက်နာရီလောက်ကစရောင်းလျှင် မနက်ခုနစ်နာရီခွဲလောက်ဆိုလျှင် ခရေပန်းကုံးတွေ ကုန်တတ်သည်။ ရောင်း၍ရသည့် ပိုက်ဆံများကို စဘူးကလေးတစ်လုံးထဲတွင် ထည့်ထားသည်။ စဘူးထဲတွင် ဘယ်လောက်ရနေပြီဆိုတာကို မိလုံးသိသည်။ သို့သော် ပိုက်ဆံရရလာတိုင်း စဘူးထဲက ပိုက်ဆံအကြွေကလေးများကို ပြန်ပြန်ပြီးရေတွက်ရတာ အမောဖြစ်သည်။

(၃)

မိုးကတစ်ညလုံး သဲကြီးမဲကြီးရွာသွန်းသည်။ မနက်ခင်းသို့ရောက်သော်လည်း မိုးကမစဲသေးဘဲ တစိမ့်စိမ့်ရွာသွန်းနေတုန်းပင်ဖြစ်သည်။ တစ်နေ့လုံးပူအိုက်ခြောက်သွေ့ထားပေမဲ့ တစ်ခဏအတွင်းမှာပင် မိုးတွင်းကြီးဖြစ်သွားသည်။ မိုးသဲကြီးမဲကြီးရွာသွန်းနေ၍လား မသိ၊ ဈေးထဲသို့ဈေးလာဝယ်သောသူများ ခါတိုင်းထက်စာလျှင် နည်းပါးနေသည်။

မိလုံးသည် ထီးကလေးကို လက်တစ်ဖက်ဖြင့် ဆောင်းသည်။ ခရေပန်းကုံးများထည့်ထားသည့် လင်ပန်းကလေးကို ကျန်လက်တစ်ဖက်ပေါ်တွင်တင်ထားပြီး မိုးဖွဲဖွဲကလေးများရွာသွန်းနေသည့်ကြားက ဈေးဝတွင်မတ်တတ်ရပ်နေသည်။ ဈေးဝယ်လာသူများကလည်း ထီးတွေကိုယ်စီနှင့်ဖြစ်သဖြင့် မိလုံးဆီက ခရေပန်းကုံးများကို အလုပ်ရှုပ်ခံပြီး ဝယ်ချင်ပုံမရကြပေ။ ခါတိုင်းဝယ်နေကျဖောက်သည်များကို "ခရေပန်းကုံးလေးတွေဝယ်ပါအုံး"ဟု ခေါ်ပြောသော်လည်း သူတို့က"နောက်မှပဲဝယ်တော့မယ်"ဟု ပြောသွားသည်။

ခြောက်နာရီထိုးလောက်ကတည်းက မတ်တတ်ရပ်ပြီးရောင်းနေသည်မှာ တစ်နာရီကျော်ကျော်လောက်ကြာသွားပြီ။ သို့သော် ဈေးဦးက လုံးဝမပေါက်သေးပေ။ နေ့တိုင်းလိုလိုရောင်းရသည့်ပန်းကုံးတွေက မိုးရွာတော့မှ မရောင်းရသည့်အဖြစ်နှင့်ကြုံတော့သည်။ မိလုံးသည် ညောင်းကလည်းညောင်း၊ ချမ်းကလည်းချမ်း၊ ဈေးကလည်းမရောင်းရသဖြင့် စိတ်ညစ်ပြီး မျက်ရည်တွေဝဲတက်လာသည်။ ထိုစဉ် ဖေဖေသည် ဈေးဝယ်

လာသူအဒေါ်ကြီးတစ်ယောက်ကို ဈေးသို့ဆိုက်ကားနှင်းပြီးလိုက်ပို့ရင်း မိလုံးကိုမြင်သွားသည်။

"သမီး၊ ပန်းတွေမကုန်သေးလဲ အိမ်ပြန်တော့လေ၊ မေမေလိုက်ပို့ပေးမယ်၊ မိုးရေထဲမှာ ကြာကြာမရပ်နဲ့၊ ဖျားတာနာတာတွေ ဖြစ်လိမ့်မယ်"

မိလုံးသည် ပန်းကုံးများ မရောင်းရသည့်အတွက် မေမေ၏ဆိုက်ကားနှင့်ပဲ အိမ်သို့ပြန်လိုက်လာခဲ့သည်။ အိမ်သို့ပြန်ရောက်လျှင် လင်ပန်းကို ပစ်ချလိုက်သည်။ ထို့နောက် ပြန်ပါလာသော ခရေပန်းကုံးများကို တစ်စစီဆွဲဖြတ်ကာ ရှိုက်ကြီးတငင်ငိုကြွေးတော့သည်။

မေမေကမြင်တော့-

"ဟဲ့ . . . သမီး၊ မငိုနဲ့လေ၊ သမီးတစ်နေ့လုံးခရေပန်းတွေရောင်းပြီးပြီပဲ၊ ပန်းဖိုးတွေ တော်တော်စုမိနေပြီ မဟုတ်လား၊ မိုးကျွာတော့ လူတွေလဲ ထီးကတစ်ဖက်၊ သူတို့အာရုံနဲ့သူတို့ဆိုလို့ ပန်းတွေမဝယ်တာနေမှာပေါ့"ဟု ပြောသည်။

မိလုံးသည် ပထမတော့ အငိုမတိတ်သေး၊ နောက်တော့ တဖြည်းဖြည်း အငိုတိတ်သွားသည်။ ထို့နောက် ဘုရားကျောင်းဆောင်ပေါ်တွင်တင်ထားသည့် သူ့စုဘူးကိုဖွင့်ကာ ပိုက်ဆံများကိုပြန်လည်ရေတွက်နေပြန်သည်။

မေမေက ဆိုက်ကားပြန်မထွက်သေးဘဲ မိလုံးကိုကြည့်နေသည်။

"သမီး၊ တော်တော်ရပြီနေပြီ မဟုတ်လား"

မိလုံးခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ် မေမေ၊ နှစ်သောင်းလောက်ရပြီ၊ ကျောင်းဖွင့်ရင် လိုအပ်တာတွေဝယ်လို့ရပြီပေါ့"

"ဒါပေါ့ သမီးရယ်၊ ကိုယ့်လုပ်အားနဲ့ရတဲ့ပိုက်ဆံက မွန်မြတ်ပါတယ်၊ အခုမိုးဦးကျပြီ၊ သမီးကျောင်းတက်ရတော့မယ်၊ နောက်နေ့ကစပြီး ဈေးမရောင်းနဲ့တော့၊ မိုးဦးကျမှာ ဖျားတာနာတာတွေ၊ တုပ်ကွေးမိတာတွေ ဖြစ်တတ်တယ်၊ ကျောင်းဖွင့်ခါနီးမှာ ကျန်းမာရေးကို ဂရုစိုက်တော့"

"ဟုတ်ကဲ့ပါ မေမေ"ဟု မိလုံးသည် မျက်ရည်စများကို လက်ခုံဖြင့်သုတ်ရင်း ပြန်ပြောလိုက်လေသည်။ ။

နိုင်မြင့်


## အိုးပုတ်လေးတွေ



အိုးပုတ် အိုးပုတ် မြေအိုးပုတ်
ရွှံ့စေးတွေနှင့်လုပ်။
မီးနှင့်ဖုတ်လို့ ဆေးရောင်ခြယ်
ရောင်စုံသွေးစုံလှတယ်။
အရွယ်မျိုးစုံ တန်းစီထား
ရွေးချို့ ဝယ်ခို့လား။
ကျောင်းအားရက်မှာ ကစားမယ်
ထမင်းချက်တမ်းကစားကြမယ်။
အိုးပုတ်ကြီးဝယ် ထည့်ကစား
သစ်ရွက်မြက်ရွက်များ။ ။

မန်းတင့်မော်


မိုးထက်မိုး
ကျားဝါဖေ့ဖေ့
Searcher
Box
ရှာဖွေစက်
Kyar War and Phaye Phaye
Searcher Box
Cartoon: Moe Htet Moe
TR: Su Su
Corona Governor U Tote Kwe is very angry.
My followers are killed.
Do exercises much more and more to make people harmful.
All of you can make people harmful from three feet distance by jumping from one to another.
Yes!
I don't hear the toll of you. Go selection group.
We are flu virus!


Phaye Phaye, Where is Ko Ko's doll?
Hsu… Be silent!
It is under the chair.
Right! Give here.
We need to arrive to their hand.
We jump near their materials.
Quick Quick…
They hold the materials where we are.


It is less danger by washing our hands with soap quickly.
Wash carefully.
Help … Give help… The liquid soap is very hot.
Searcher Box! Look at me.
We are killed.
The operation of virus towards the house of Kyar War, Phaye Phaye.
Bye... Bye!



ဖိုးသန့်လေး
ကာတွန်းလမ်းသရုပ်ဖော် မိုးသွင်
Phoe Thant Lay
Story & Illustration: Moe Thwin
TR: Su Su
ဟာ! ဦးအောင်ဂျူး မျက်နှာလဲမည်းလို့ အဲလေမကောင်းပါလား ဘာလဲ ဥဥနဲ့ KTV မသွားရလို့လား
U Aung Ju, Why is your face wrong? Don’t you go to KTV with Oot Oot, don’t you?
KTV တွေ၊ ဘားဆိုင်တွေကလဲ ကိုဗစ်နိုင်တင်းကြောင့် ပိတ်ထားကြတယ်ဆို မိုက်ခဲတွေ၊ ဖိုးဆိုချင်တွေ အခက်တွေ့ကုနပြီ
KTV and Bar are closed due to Covid-19. So the people who would like to sing are in trouble.


ခေါက်ပါတော့ဖိုးသန့်လေးရယ် ထင်ရာတွေမပြောပါနဲ့တော့
Shut up your mouth! Don’t tell your opinion.
ဒါဆို ဘာဖြစ်လို့လဲ ပြောပြလေ
If so, what? Tell me!
သူပဲရှေ့ပေါက်မဝင် ပြောနေပြီးတော့
He tells himself without giving permission to anybody to talk.
လမ်းထိပ်စတိုးဆိုင်ကရတနာကြိုင်ကို သိတယ်မဟုတ်လားခပ်ချောချော လေးလေ
You know Yadanar Kyaing from the store at the junction of the road. She is so beautiful.
သိတယ်လေ
Of course.
ဘာလဲအကြွေး တောင်းနေလို့လား
Why? She asks to give back her debt.
မဟုတ်ပါဘူး ငါကရတနာကြိုင်ကို ကြိုက်နေတာလေသူက ငါ့ကိုပြန်မကြိုက်ဘူးကွ
No. I love Yadanar Kyaing very much but she doesn’t.


The person who she likes is Lin Hkit Zaw, tea shop owner from the junction of the street.
So it is said that nature does not allow people to be what they like.
I am thinking what I should do to be close with Kyaing Lay.
Do you work as a worker at her store?
The worker must work. I want to be close with her without working.
That it!


ဒီလိုဆိုရင်တော့
ဦးအောင်ဂျူး
ခွေးဖြစ်ရင်ရတယ်
If so, U Aung Ju must be a dog.
ဘာလို့
Why?
ဘာဖြစ်လို့ငါက
ခွေးဖြစ်ရမှာလဲ
Why am I a dog?
ခွေးဖြစ်မှကြိုင်လေးနဲ့
နီးစပ်မှာပေါ့၊ ဦးအောင်ဂျူးပဲ
နီးစပ်ချင်တယ်ဆို
Only if you were a dog, you will be close Kyaing Lay. You want to be close Kyaing Lay.
ဟား!
သူကခွေးချစ်တတ်တယ်မျှ
သွားလေရာမှာခွေးလေးပိုက်ပြီး
သွားတတ်တယ်ဒါကြောင့်
ခွေးဖြစ်ရင်နီးစပ်မယ်လို့ပြောတာ
She loves dog. She always takes her dog wherever she goes. So I tell you will be close with her if you were dog.


သမားတော်လေး မောင်ဒီပ
ထွန်းထွန်းဝင်း
(ရန်ကုန်တက္ကသိုလ်)
Practitioner Maung Di Pa
Cartoon: TunTun Win
(Yangon University)
TR: Su Aung
တစ်ခါတုန်းက ရွာတစ်ရွာမှာ ဆင်းရဲတဲ့ မောင်ဒီပဆိုတဲ့ လူငယ်လေးတစ်ယောက် ရှိတယ် ။
Once upon a time, there was a poor boy called Maung Di Pa.
သူဟာ အလုပ်ကြမ်းလုပ်ကိုင်ပြီး...
He does rough-work.
ရတဲ့ငွေလေးနဲ့ အဖေအို အမေအိုကြီးတွေကို လုပ်ကျွေးနေတယ်...
He looks after his father and mother with his little earn.
တစ်နေ့တော့ သူ့အဖေဟာ အဖျားရောဂါ စွဲကပ်ပါလေရော...
One day, his father causes fever disease.
အိမ်နီးချင်းတွေကလည်း နားလည်တဲ့ ဆရာခေါ်ပြဖို့တိုက်တွန်းကြတယ်...
His neighbours encouraged him to see clever pracitition.
တော်တဲ့ဆေးဆရာကို ခေါ်ပြပါကွယ်...
You take your father to the clever pracitition.
ကျွန်တော်လဲ တတ်နိုင်သမျှ ပြုစု ကုသပါတယ်ခင်ဗျ...
I look after my father as possible as I can.


I goes to the clever pracitition at the southern part of the village.
Cure my father's disease, Sayargyl.
How much money for medicine do you take?
I will give you later after working and collecting.
What! Do you have money for medicine, don't you? Come to me only when you have money for medicine.
So, Maung Di Pa returned home and cured his father with the help of the neighbours and his earning as much as he can.
But, his father passed away.
Due to the practitioner, Maung Di Pa left for village to study medicine arts in order to cure poor people.
He told the practitioner from the other village to teach him medicine arts after telling his story.


ကြင်နာစိတ်ရှိတဲ့ဆေးဆရာကြီးက ဆေးပညာသင်ပေးဖို့ လက်ခံလိုက်တယ်...
The kind practitioner allows Maung Di Pa as his pupil to study medicine arts.
မောင်ဒီပဟာ ဆရာကြီးကို မိဘသဖွယ်ပြုစုပြီး အိမ်မှုကိစ္စတွေကိုလည်း တစ်ခုမကျန်လုပ်ပေးတယ်...
Maung Di Pa serves Sayargyi as his parents and works house-chores.
ဆရာကြီးကလည်းမောင်ဒီပကို သိပ်ချစ်လို့ ပညာအကုန်သင်ပေးတယ်...
Sayargyi loves Maung Di Pa very much and teaches him all the matters he knows.
×...×...×... ရောဂါကို ဒီဆေးနဲ့ကုသရတယ် တပည့်...
This diseases will be cured with this medicine.
နှစ်အတော်ကြာလာတဲ့အခါ...
For long time ago.
ငါ့သားတပည့် ဆေးပညာများ တတ်မြောက်ပြီ... ရွာကိုပြန်ချင်ပြန်နိုင်တယ်...
If you desire, you can return your village because he is skilled at all the medicine arts.
မောင်ဒီပဟာ ရွာပြန်ရောက်တော့ သူ့အမေနဲ့ ရွာသားတွေက ဝမ်းသာကြတယ်။ ဆင်းရဲတဲ့ ရောဂါသည်တွေကို ငွေမယူဘဲ ကုသပေးတယ်...
When he returned village, his mother and villagers are very glad. He cured the poor patients without taking money.


All the villagers love Maung Di Pa because he cures the patients not only at his village but from other villages.
When the king heard this, Maung Di Pa is taken in front of him.
You will serve royal practitioner at the palace.
He is so glad to be awarded as royal doctor but he told the king about his father's death and his life.
Please allow me to live in the place where the poor people are, My Majesty
The king gave gold and jewellery and medicine as Maung Di Pa is kind and good-hearted.
The villagers welcome warmly and happily as Maung Di Pa came back to the village.

# လက်ရေးက တယ်...ညံ့တာကိုး...

Handwriting is so poor
Story: Maung Tin Shwe
Illustration: Lwan Maung(Thuwunna)
TR: Chit Su


ဇာတ်လမ်း။ မောင်တင်ရွှေ
သရုပ်ဖော်။ လွန်းမောင်(သုဝဏ္ဏ)





Once there was a novice who can compose poems a little.




The novice is so boastful.




Moreover, he does not impress to the others.




A villager who has a hobby to compose poems shows his poem to the novice.


တစ်ခါမှ ချီးမွမ်း မခံရပေ။
But he is never praised.
အပြစ်မြင် အပြစ်ရှာ လေ့ရှိသည်။
The novice always finds guilt and weakness.
ထိုကျောင်းသားလည်း အပြောခံရ ပေါင်းများသဖြင့် အကြံထုတ်လေတော့သည်။
As he is told the weakness many times, he thinks to get a plan.
သူ့အကြံကား ...
His plan is.
ကိုရင်ကြီး ရေးစပ်ထားသော ကဗျာကို ကူးယူလေသည်။
He copies the poem composed by the novice.




While the novice is going to donate rice,

He shows the poem that he has copied at the audience to offer the rice to the novice.

How is the poem?

When the novice reads the poem,

The novice knows the poem is written by himself.




The novice looks at the villager.

He tells his habit.

The poem is neither good nor bad.

It is very nice.

But handwriting is so bad.

# တေဇတို့အတွက် ဗုဒ္ဓဝင်

auau(r ImOZn)

တေဇကလေးတို့ရေ...

ဗုဒ္ဓဘာသာဝင်တစ်ယောက်သိသင့်သော ဗုဒ္ဓဘုရား အကြောင်း (ဝါ) ဗုဒ္ဓဝင်ကို မှတ်သားရလွယ်ကူစေရန် မှတ်စုသဖွယ်ထုတ်နုတ်၍ အကျဉ်းချုပ်ဖော်ပြလိုက်ပါတယ်။

**ဘုရားဆုတောင်းမည့်အစ**

– သုမေဓာအမည်ဖြင့် ထင်ရှားသောသူဌေးသားဖြစ်ခဲ့သည်။

**သူဌေးသားစဉ်းစားပုံ**

– ငါ၏အဘိုး၊ အဘွား၊ မိဘများသည် ပစ္စည်းဥစ္စာကို ရှာရုံသာ ရှာဖွေတတ်ကြ၏။ ယူမသွားတတ်ကြပါတကား။ ငါသည်စွန့်ကြဲပေးကမ်း၍ ကုသိုလ်ကို ငါ့နောက်ပါအောင်ယူသွားမည်။

ရသေ့ဘဝ

– ဘွဲ့အမည်= သုမေဓာရှင်ရသေ့

– ပါရမီဖြည့်ဖက်= သုမိတ္တာ

– ဗျာဒိတ်ပေးသောအရှင်ဘုရား= ဒီပင်္ကရာမြတ်စွာဘုရား

– ဗျာဒိတ်တော်= ဤရှင်ရသေ့သည်ဂေါတမဘုရားဖြစ်လိမ့်မည်။ ဤအမျိုးသမီးကား ပါရမီဖြည့်ဖက်ဖြစ်လိမ့်မည်။

**ပါရမီဖြည့်ကျင့်ရသောကာလ**

– လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း (သုမေဓာဘဝမှ ဝေဿန္တရာဘဝအထိ)

**အလောင်းတော်နတ်သား**

– ဖြစ်ရာဘုံ= တုသိတာနတ်ပြည်

– အမည်= သေတကေတု

ပဋိသန္ဓေတည်သောနေ့

– မဟာသက္ကရာဇ် ၆၇ခု၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့၊ ညဉ့်သန်းခေါင်ယံ

ဖွားမြင်တော်မူသည့်

– အရပ်ဒေသ= ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည် အကြား၊ လုမ္ဗိနီအင်ကြင်းဥယျာဉ်

– နေ့= မဟာသက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့်၊ သောကြာနေ့

ဘုရားအလောင်း၏

– မျိုးရိုး= သာကီဝင်မင်းမျိုး

– ခမည်းတော်= သုဒ္ဓေါဒနမင်း

– မယ်တော်= သီရိမဟာမာယာမိဖုရား

– မိထွေးတော်= ပဇာပတိ ဂေါတမီ

– ယောက်ဖတော်= ဒေဝဒတ်

– ကိုင်းပြည်= သက္ကတိုင်း၊ ကပိလဝတ်ပြည်

နန်းသိမ်းပွဲ

– အသက်= ၁၆နှစ်

– ယောက္ခမတော်= ဒေဝဒဟပြည့်ရှင်ဘုရင် သုပ္ပဗုဒ္ဓ (ဦးလေးတော်)

– ယောက္ခမတော်= အရီးတော်အမိတာဒေဝီ

– သတို့သမီး= ဘဒ္ဒကစ္စနာခေါ်ယသောဓရာနန်းမင်းသမီး

ဘုရားအလောင်း၏

– မင်းသားအမည်= သိဒ္ဓတ္ထ

– ကြင်ရာတော်အမည်= ယသော်ဓရာ

– သားတော်အမည်= ရာဟုလာ

– သုံးသွယ်ရွှေနန်း= (၁) သုဘ (၂) ရမ္မ (၃) သုရမ္မ

– နန်းစံအချိန်= ၁၃ နှစ်

နိမိတ်ကြီး ၄ ပါး

(၁) သူအို၊ (၂) သူနာ၊ (၃) သူသေ၊ (၄) ရဟန်း

တောထွက်သောအခါ

– သက်တော်= ၂၉ နှစ်

– နေ့ရက်= ဝါဆိုလပြည့် တနင်္လာနေ့

– အချိန်= သန်းခေါင်ယံ

– စီးတော်မြင်း= ကဏ္ဍကမြင်း

– မြင်းထိန်းအမတ်= ဆန္နအမတ်

– တားဆီးသောနတ်= မာရ်နတ်

ရဟန်းဖြစ်ခြင်း

သန်းခေါင်ယံအချိန်က တောထွက်တော်မူလာ

သော ဘုရားအလောင်းသည် နံနက်လင်းသောအခါ မြစ်တစ်ခုသို့ရောက်လာ၏။ ထိုမြစ်၏

- အမည်= အနော်မာ
- အကျယ်= ၈ ဥသဘ (ကိုက် ၅၆၀)

ဘုရားအလောင်းသည် ဆံတော်ကို သန်လျက်ဖြင့် ဖြတ်ပယ်၍ ဖြူစွာမင်းဆက်ကပ်သောသင်္ကန်းဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူ၏။

- စူဠာမဏိစေတီ= ဆံတော်ကို သိကြားမင်းက ခံယူ၍ ဌာပနာထားသောစေတီ။ တာဝတိံသာနတ်ပြည်မှာ ရှိသည်။
- ဒုဿစေတီ= ဝတ်လဲတော်ပုဆိုးကို ဗြဟ္မာမင်းကခံယူ၍ဌာပနာထားသောစေတီ။ ဗြဟ္မာ့ပြည်မှာရှိသည်။

**ဘုရားအလောင်းရဟန်းပြုအပြီး ၇ ရက်အကြာ**

- ဆွမ်းခံဝင်သောမြို့= ရာဇဂြိုဟ်မြို့
- ဆွမ်းစားသောတောင်= ပဏ္ဍဝတောင်
- ဆွမ်းကပ်သောမင်း= ဗိမ္ဗိသာရမင်း

ဒုက္ကရစရိယာကျင့်သော

- တော= ဥရုဝေလတော
- ဆွမ်းခံရွာ= သေနနိဂုံး
- ကျင့်ရသောနှစ်= ၆ နှစ် (မဟာသက္ကရာဇ် ၉၇ မှ ၁၀၃ အထိ)
- ဒုက္ကရစရိယာ= လူသာမန်တို့ကျင့်နိုင်ခဲသောအကျင့်။

နို့ဆွမ်း

- ကပ်လှူသူ= သူဌေးသမီး သုဇာတာ
- ကပ်လှူသောဆွမ်း= ရွှေခွက်ဖြင့်ထည့်ထားသော ဃနာနို့ဆွမ်း

အဓိဋ္ဌာန်

အလောင်းတော်သည် နေရဉ္ဇရာမြစ်ကမ်း၌ ဃနာနို့ဆွမ်းကို ၄၉လုတ်ဘုဉ်းပေးတော်မူပြီးနောက် "ယနေ့ ဘုရားဧကန်ဖြစ်မည်မှန်လျှင် ဤရွှေခွက်သည် ရေညာသို့ ဆန်တက်ပါစေသား"ဟု အဓိဋ္ဌာန်၍ ရွှေခွက်ကို မျှောလိုက်ရာ ရွှေခွက်သည် ရေညာသို့ဆန်တက်သွားလေသည်။

**ဘယ်နေရာတွင် နေ့သန့်စင်**

ဘုရားအလောင်းတော်သည် ရွှေခွက်မျှောပြီးနောက် နေရဉ္ဇရာမြစ်ကမ်းနှင့်မလှမ်းမကမ်းရှိအင်ကြင်းတော၌ နေ့သန့်စင်တော်မူသည်။ နေ့သန့်စင်ဟူသည်မှာ နေ့အခါ၌ တရားဓမ္မဖြင့် စိတ်သန့်စင်စွာနေထိုင်တော်မူခြင်းဖြစ်သည်။

**ညနေချမ်းကြွလှမ်းဘယ်သို့**

ညနေချမ်း၌ကား ဗောဓိပင်သို့ကြွတော်မူသည်။ ဗောဓိပင်သို့အကြွတွင် မြက်ရိတ်ပုဏ္ဏားသောတ္ထိယထံမှ မြက် ၈ ဆုပ်အလှူခံခဲ့သည်။

**ဗောဓိပင်သာ ရောက်သောခါ**

ပါလာသောမြက် ၈ ဆုပ်ကို ဖြန့်ခင်းပြီး ဗောဓိပင်ကို ကျောခိုင်းကာ အရှေ့အရပ်သို့ မျက်နှာမူလျက် "ဘုရားမဖြစ်သရွေ့ ဤနေရာမှငါမထတော့"ဟု အဓိဋ္ဌာန်ပြုပြီး တင်ပျဉ်ခွေထိုင်နေတော်မူပါသည်။ ထိုအခါ မာရ်နတ်သားလာ၍ ရန်ပြုပလ္လင်လုပါသည်။ ဗုဒ္ဓမြတ်စွာလောင်းလျာသည် မေတ္တာတော်အစွမ်းဖြင့်နေမဝင်မီပင် မာရ်နတ်ရန်ကို အောင်မြင်တော်မူ၏။ မာရ်နတ်ရန်ကိုအောင်မြင်ပြီးနောက် အာနာပါနကမ္မဋ္ဌာန်းအလုပ်ကို ဆက်လက်အားထုတ်တော်မူသည်။

ဘုရားအဖြစ်သို့ရောက်တော်မူခြင်း

- အသက်= ၃၅ နှစ်
- နေ့ရက်= မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့
- အချိန်= ကဆုန်လပြည့်နေ့အကုန်၊ လပြည့်ကျော် ၁ ရက်အကူး အရုဏ်ဦး
- ဘွဲ့တော်= ဂေါတမ

ဘုရားဖြစ်ပြီးရရှိသောဉာဏ်တော်များ

- ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်
- သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်
- မိုးသောက်ယံ၌ အာသဝက္ခယဉာဏ်

ဒွေဝါစိကသရဏဂုံ

- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
- ဓမ္မံ သရဏံ ဂစ္ဆာမိ

**ပထမဆုံးဒွေဝါစိကသရဏဂုံတည်သူများ**

- ဥက္ကလာပဇနပုဒ်မှ 'တဖုဿနှင့် ဘလ္လိက' ကုန်သည်ညီနောင်

**တရားဦးဟောခြင်း**

- နေရာ= ဗာရာဏသီပြည်အနီး ဣသိပတန မိဂဒါဝုန်တော
- နေ့ရက်= ဝါဆိုလပြည့်၊ စနေနေ့
- အချိန်= နေမဝင်မီအချိန်
- တရားနာသူ= ပဉ္စဝဂ္ဂီငါးဦး
- ဟောကြားသောတရား= ဓမ္မစကြာ
- ပထမဆုံးတရားထူးရ၍သောတာပန်တည်သူ= အရှင်ကောဏ္ဍည

**တေဝါစိကသရဏဂုံ**

- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
- ဓမ္မံ သရဏံ ဂစ္ဆာမိ
- သံဃံ သရဏံ ဂစ္ဆာမိ

**ပထမဆုံးတေဝါစိကသရဏဂုံတည်သူ**

- ယသ သတို့သားမိသားစု
- ယသအတို့အမေအား ဘုရားအလောင်းဗုဒ္ဓဘုရားအဖြစ်သို့ရောက်မည့်နေ့က ဃနာနို့ဆွမ်းကပ်လှူခဲ့ပါသူ သူဌေးသမီးသုဇာတာ၏ သားဦးရတနာဖြစ်ပါသည်။

**မြတ်စွာဘုရား၏**

- လက်ယာရံ အဂ္ဂသာဝက= အရှင်သာရိပုတ္တရာ
- လက်ဝဲရံ အဂ္ဂသာဝက= အရှင်မောဂ္ဂလ္လာန်

**ပရိနိဗ္ဗာန်စံတော်မူခြင်း**

- သက်တော်= ၈၀၊ ဝါတော် ၄၅
- နေရာ= ကုသိနာရုံပြည်၊ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်
- နေ့ရက်= မဟာသက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့်၊ အင်္ဂါနေ့နံနက်အရုဏ်တက်ချိန်
- ပရိနိဗ္ဗာန်မစံမီ နောက်ဆုံးကျွတ်သောသာဝက= သုဘဒ္ဒပရိဗိုဇ်

**တေဇောဓာတ်လောင်သောနေ့**

- နေ့ရက်= မဟာသက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့။

**ကြွင်းကျန်ရစ်သောဓာတ်တော်**

- မပြိုမကွဲပကတိဓာတ်တော်= စွယ်တော် ၄ဆူ၊ ညှပ်ရိုးတော် ၂ ဆူ၊ သင်းကျစ်တော် ၁ ဆူ။
- ပြိုကွဲသောဓာတ်တော်= အသားတော်၊ အသွေးတော်၊ အရိုးတော်တို့သည် မုန်ညင်းစေ့ပမာဏ၊ ဆန်ကျိုးပမာဏ အစိတ်စိတ်ကွဲပြီး ဓာတ်တော်မွှေတော် နှစ်တင်းခန့်ကြွင်းကျန်ရစ်သည်။
- နိယတဗျာဒိတ်ခံယူတော်မူခဲ့သောနေ့= ကဆုန်လပြည့်နေ့

**ဖွားဖက်တော် ၇ ဦး**

- ကာဠုဒါယီ၊ ယသော်ဓရာ၊ အာနန္ဒာ၊ ဆန္န၊ ကဏ္ဍကမြင်း၊ ရွှေအိုးကြီး ၄လုံး၊ မဟာဗောဓိရွှေညောင်ပင်။

**ပဉ္စဝဂ္ဂီငါးဦး**

- ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ

**ဟောကြားခဲ့သောတရားတော်များ**

- ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ

**အဆုံးအမသာသနာတော်သုံးပါး**

- ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ

**ဗုဒ္ဓချမှတ်ပေးခဲ့သောလမ်းစဉ်**

- မဂ္ဂင်လမ်းစဉ် (မဇ္ဈိမပဋိပဒါလမ်းစဉ်)

**ကျင့်စဉ်သုံးပါး**

- သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်

**သစ္စာတရားလေးပါး**

- ဆင်းရဲခြင်းအမှန်တရား (ဒုက္ခသစ္စာ)
- ဆင်းရဲကြောင်းအမှန်တရား (သမုဒယသစ္စာ)
- ဆင်းရဲချုပ်ရာအမှန်တရား (နိရောဓသစ္စာ)
- ဆင်းရဲချုပ်ကြောင်းအမှန်တရား(မဂ္ဂသစ္စာ)

တေဇလူငယ်ကလေးများ သာသနာရေးကိုယ်ခံအားကောင်းစေရန် မှတ်သားရလွယ်ကူစေမဲ့ ဗုဒ္ဓဝင်အကျဉ်းချုပ်ကိုပြုစုရေးသားလိုက်ပါတယ်။ ။

ဏောကေ(မဟာဝိဇ္ဇာ)

တေဇပင်ကိုရေးပုံပြင်

# မြေခွေးရဲ့ထောင်ချောက်

နန္ဒာမိုးကြယ်



တေဇကလေးတို့ရေ . . .

ပြဿနာဆိုတာ သူ့ကြောင့်ပဲဖြစ်ဖြစ်၊ ကိုယ့်ကြောင့်ပဲ ဖြစ်ဖြစ် အခန့်မသင့်ရင် နားလည်မှုလွဲမှားပြီး ဖြစ်တတ်တဲ့ သဘောရှိပါတယ်။ ဒါဟာ ကောင်းတဲ့ကိစ္စမဟုတ်ပါဘူး။ သည်တော့ ပြဿနာတစ်ခုဖြစ်လာပြီဆိုရင် အချင်းချင်းညှိညှိနှိုင်းနှိုင်း တိုင်းတိုင်းဆဆနဲ့ ပြေလည်မှုရအောင် ဖြေရှင်းသင့်ပါတယ်။

သည်လိုမှမဟုတ်ဘဲ ငါမှအမှန်၊ သူကအမှားဆိုပြီး ငယ်တဲ့အမှုကိုကြီးအောင်၊ ကြီးတဲ့အမှုကိုဖြေရှင်းရခက်ခဲအောင်လုပ်ရင်တော့ ဘယ်သူ့ဘယ်သူမှအကျိုးရှိမှာ မဟုတ်ပါဘူး။ ပြဿနာကို ကိုယ်တိုင်မဖြေရှင်းနိုင်လို့ ဖြေရှင်းပေးနိုင်သူကို အားကိုးမယ်ဆိုရင်လည်း အဲဒီဖြေရှင်းပေးမဲ့သူဟာ အဂတိတရားကင်းရဲ့လား၊ သီလတရားရှိရဲ့လား၊ တည်ကြည်ဖြောင့်မတ်ရဲ့လား၊ သူတော်ကောင်းစိတ်ဓာတ်ပြည့်ဝရဲ့လား၊ ပညာရှိရဲ့လားစသည်ဖြင့် နှိုင်းနှိုင်းဆဆရှိဖို့ အရေးကြီးပါတယ်။ အဲဒီလိုမှမဟုတ်ရင်တော့ ကိုယ်ကျိုးနည်းပြီလို့သာမှတ်လိုက်ပါတော့။ သည်အတွက် ဆင်ခြင်သင်ခန်းစာယူစရာပုံပြင်လေးတစ်ပုဒ်ကို တင်ပြချင်ပါတယ်။

□

ဟိုးတစ်ခါတုန်းကပေါ့ကွယ်။ တောအုပ်ကြီးတစ်ခုမှာ ယုန်ကလေးဖြူဖွေးဟာ သူ့ဝပ်ကျင်းကလေးကိုသူ့ဘာသာသာဖန်တီးပြီး အေးအေးချမ်းချမ်းနေထိုင်ခဲ့ပါသတဲ့။ တစ်နေ့မှာတော့ ဖြူဖွေးဟာ သမင်အုပ်စုနဲ့မိတ်ဆွေဖြစ်သွားပြီး သမင်တို့ကျင်လည်ကျက်စားရာနေရာကို သွားရောက်လည်ပတ်နေထိုင်တယ်ဆိုပဲ။ သည်တော့ သူ့ရဲ့ဝပ်ကျင်းနေရာလေးဟာ သခင်မဲ့ဖြစ်နေခဲ့တာပေါ့ကွယ်။

အဲဒီကာလမှာ 'ထိပ်ကွက်'ဆိုတဲ့ ယုန်တစ်ကောင်ဟာ တောအုပ်ထဲလှည့်လည်ရင်းမျှော်လင့်ဘဲ ဖြူဖွေးရဲ့ဝပ်ကျင်းနေရာလေးကို သဘောကျသွားသတဲ့။ အဲဒီဝပ်ကျင်းမှာက ပိုင်ရှင်ဖြစ်တဲ့ဖြူဖွေးမရှိတော့ အပိုင်ပဲဆိုပြီး အသုံးအဆောင်ပစ္စည်းအချို့ယူဆောင်လာပြီး အသင့်နေလိုက်ပါတော့တယ်။ ပတ်ဝန်းကျင်မှာက သစ်ချပင်ရှိနေတော့ သစ်ချသီးတွေကို တဝကြီးစားရင်းဟန်အကျကြီးကျနေတာပေါ့ကွယ်။ ကုသိုလ်ကံ စာတာတက်လို့ ဒီနေရာရလိုက်လေခြင်းဆိုပြီး အပျော်ကြီးပျော်နေတော့တာပေါ့။

□

ဒီလိုနဲ့ တစ်နေ့မှာတော့ ဖြူဖွေးဟာ သူ့နေရာဝပ်ကျင်းကလေးကို ပြန်လည်သတိရပြီး မိတ်ဆွေသမင်လေးတွေကို နှုတ်ဆက်လို့ ပြန်လာခဲ့တာပေါ့။ ဒါပေမဲ့ သူပြန်ရောက်တဲ့အခါ သူ့နေရာဝပ်ကျင်းမှာ ယုန်တစ်ကောင်က အခံ့သား မောင်ပိုင်စီးထားတာနဲ့ ပက်ပင်းကြုံလိုက်ရတော့တယ်။ ဘယ်သူများလဲဆိုတော့ ထိပ်ကွက်ပဲပေါ့။

"ဟေ့ကောင် . . . ထိပ်ကွက်၊ မင်းဘာလာလုပ်နေတာလဲ"

"ဘာလာလုပ်ရမှာလဲ၊ ငါ့နေရာ ငါနေတာလေ၊ သွားစမ်းကွာ သွားစမ်း၊ ဘာတွေလာပြောနေလဲ မသိဘူး၊ အာရုံနှောက်တယ်"

"အမယ် . . . လာလာချေသေးတော့၊ ငါပိုင်တဲ့ဝပ်ကျင်းမှာလဲ အိုးပြီးနေသေး၊ ငါ့ကိုလဲ မောင်းထုတ်သေးနဲ့ ပြောကမျှားပြပြနေရသေးတယ်"

"ဟေ့ကောင် . . . ဒါမင်းရဲ့ဝပ်ကျင်းဆိုရင် ငါလာတုန်းက ဘာဖြစ်လို့မင်းရှိမနေခဲ့တာလဲ၊ နောက်ရက်တွေကျပြန်တော့လဲ အရိပ်အယောင်ကလေးတောင်မှမြင်ရလို့လား၊ ဒါကိုများမင်းရဲ့ဝပ်ကျင်းတဲ့လား၊ ဟား . . . ဟား . . . ဟား . . .မင်းစိတ်တော့ကောင်းပါသေးတယ်နော်"

"ငါမရှုးဘူးကွ၊ မရှုးဘူး၊ မင်းသာ စည်းမရှိကမ်းမရှိ သူတစ်ပါးပိုင်နက်ကို ကျူးကျော်နေခဲ့တာ၊ ငါပိုင်တဲ့ဝပ်ကျင်းဟုတ်မဟုတ် ဟောဒီဝန်းကျင်မှာရှိကြတဲ့ ဦးစီးကွက်တို့၊ ကိုရွှေကျီးတို့၊ ကိုရှဥ့်ညိုတို့ကိုမေးကြည့်နိုင်တယ်"

"အိုး . . .လေကုန်ခံပြီးတော့ မမေးနိုင်ပေါင်၊ လက်ရှိနေတဲ့သူက အပိုင်ပဲ၊ ဒီတော့ သွားပါကွာ၊ တခြားနေရာတွေမှာ ဝပ်ကျင်းသွားဖွဲ့ချေ၊ မင်းကဝပ်ကျင်းလုပ်တဲ့နေရာမှာ တာကယ်တော်တဲ့သူ မဟုတ်လား"

"မသွားဘူးကွာ . . . မသွားဘူး . . ."

ဖြူဖွေးနဲ့ ထိပ်ကွက်တို့ဟာ သူကလည်း မလျှော့၊ ကိုယ်ကလည်းတင်းဆိုတော့ ဘယ်လိုမှ ပြေလည်မှု ရမသွားခဲ့ဘူး။ သူတို့ငြင်းကြ၊ ခုံကြတာတွေကိုကြား မြင်နေကြရတဲ့ ပတ်ဝန်းကျင်ကလည်း ပြေလည်ရာ ပြေလည်ကြောင်း လာရောက်ပြောဆိုကြပေမဲ့ သူတင်း၊ ကိုယ်တင်းနေတာကတော့ လျော့မသွားခဲ့ပါဘူး။

"ဒီပြဿနာဟာ ဒီလိုနဲ့တော့ ပြေလည်ပြီးဆုံးသွားမှာ မဟုတ်ဘူး၊ ဒီတော့ . . . ပညာရှိတစ်ဦးဦးဆီမှာ အဆုံးအဖြတ်ခံကြဖို့ပဲရှိတယ်"

"ကောင်းတယ်၊ ဒါတော့ သဘောတူတယ်၊ ကိုင်း . . .ခုပဲ ငါတို့ပြဿနာကို ဖြေရှင်းပေးမဲ့ ပညာရှိကို အရှာထွက်ကြစို့"

**ajrac;qkwmrsdK[mt i f we&;ufuaumufusf, kwfm wlt r§dK;vdkYbdk;bGm;bD bif t quf quf owfrwf vmcJhuw*h  b , f vdkjzpfoGm;&wmwJh vk**

ဖြူဖွေးနဲ့ ထိပ်ကွက်တို့ဟာ စိတ်မြန်၊ ကိုယ်မြန်နဲ့ ဟောဟောဒိုင်းဒိုင်းပါပဲ။

❐

အဲဒီလို ယုန်နှစ်ကောင် အချင်းချင်းမသင့်မတင့် ဖြစ်နေကြလို့ နောက်ဆုံးမှာ ပြဿနာဖြေရှင်းပေးနိုင်မဲ့ ပညာရှိကို လိုက်လံရှာဖွေနေတဲ့အကြောင်း မြေခွေးကြီး မိုးမှောင်ကြားလိုက်ရတော့ –

"ဟီး . . . ဟီး . . . မိုးမှောင်တို့တော့ မကြာခင် အင်မတန်ချိုမြိန်လှတဲ့ ယုန်သားတွေကို အားပါးတရ တွယ်ရ၊ ဖွဲ့ရတော့မယ်ဗျ"လို့ စိတ်ကူးနဲ့ မြူးရွှင်နေရင်း မလှမ်းမကမ်းမှာရှိတဲ့ရေကန်ကိုသွားပြီး တစ်ကိုယ်လုံးကို သန့်စင်အောင်လုပ်တော့တယ်။ သန့်စင်သွားပြီဆိုတဲ့အခါ တောလမ်းကလေးနဲ့ကပ်လျက် သစ်တိုပင်ကြီးရဲ့အောက်မှာ တရားမှတ်နေတဲ့သူတော်စင်ပုံသဏ္ဌာန်နဲ့ ထိုင်နေခဲ့တယ်။

"အင်း . . . ငါစားရမဲ့ယုန်နှစ်ကောင် ဒီလမ်းအတိုင်း လာလောက်ပါပေရဲ့ . . ."

စိတ်ထဲမှာ ဘာတရားဓမ္မမှမရှိဘဲ ကောက်ကျစ်စိတ်တွေသာပြည့်နေတယ်။ ဒါကို သူကလွဲပြီးဘယ်သူများသိနိုင်မှာတဲ့လဲ။

ကံအားလျော်စွာပါပဲ ဖြူဖွေးနဲ့ ထိပ်ကွက်တို့ဟာ မြေခွေးမိုးမှောင် ဟန်ဆောင်ပန်ဆောင်တရားမှတ်နေတဲ့ သစ်တိုပင်ကြီးရှိရာ တောလမ်းကလေးအတိုင်း လျှောက်လာခဲ့ကြတယ်။ သစ်တိုပင်ကြီးရဲ့ မလှမ်းမကမ်းကိုရောက်တော့ –

"ဟော့ကောင် ထိပ်ကွက်သစ်တိုပင်ကြီးအောက်ကို လှမ်းကြည့်လိုက်စမ်း . . ."

"ဟာ. . . မြေခွေးတစ်ကောင်ပါလား၊ လှုပ်လှုပ်ရှားရှားမရှိ၊ ငြိမ်ငြိမ်သက်သက်နဲ့ မျက်လွှာများချထားလိုက်တာ၊ ငါတို့ရှိတယ်ဆိုတာ တောင်သိရဲ့လား မပြောတတ်ဘူး"

"အဲဒါ . . . တရားထိုင်နေတာကွ၊ တရားထိုင်နေတာ"

"ဒါဆိုရင် သူတော်စင်ပေါ့၊ သူတော်စင်ဆိုရင် တစ်နည်းမဟုတ်၊ တစ်နည်း ပညာရှိဖြစ်နိုင်တယ်"

"အဲဒီလို အရမ်းကာရော ကောက်ချက်ချလို့ မဖြစ်ဘူး၊ မြေခွေးဆိုတာမျိုးဟာ အင်မတန်ကောက်ကျစ်ယုတ်မာတဲ့အမျိုးလို့ တို့ဘိုးဘွားဘီဘင်အဆက်ဆက်က သတ်မှတ်လာခဲ့ကြတာ၊ အခုကျတော့ ဘယ်လိုဖြစ်သွားရတာတဲ့တုံး၊ ဧကန္တဟန်ဆောင်ပန်ဆောင်လုပ်နေတာများလား မပြောတတ်ဘူး"

"ဘာမှလုပ်မနေနဲ့ . . . အနားသွားပြီး စုံစမ်း

ကြည့်တာ အကောင်းဆုံးပဲ . . .”

“အနားကို သိပ်ကပ်လို့ မရဘူးနော်၊ အခန့်မသင့်ရင် သူ့အစာဖြစ်သွားနိုင်တယ်”

ဖြူဖွေးနဲ့ ထိပ်ကွက်တို့လည်း သတိထားပြီး မိုးမှောင်နဲ့ ခပ်လှမ်းလှမ်းကို တိုးကပ်သွားခဲ့တယ်။ ဒါကို အင်မတန်မှ ပရိယာယ်ကြွယ်ဝတဲ့ မြေခွေးမိုးမှောင်ဟာ နပ်နေပြီးသားပါ၊ အဲဒါကြောင့်ပဲ အချိုသာဆုံး မျက်နှာပေးနဲ့ ဖြူဖွေးတို့ကို ဖိတ်ခေါ်ကြိုဆိုလိုက်တယ်။

“လာပါ . . . လာကြပါ သူတော်ကောင်းတို့၊ ကျုပ်ဟာ အမျိုးဇာတ်ကသာ အတိတ်အကျိုးပေးကံကြောင့် မြေခွေးအမျိုးအနွယ်မှာ ဖြစ်နေရတာပါ၊ ဒါပေမဲ့ မြေခွေးစရိုက်တွေနဲ့တော့ တခြားစီမှ တကယ့်ကိုတခြား

**rjhrrnk purjy&d m, ulit [ lw fk if**
**orjwjlaz;e xyful ufw[ m**
**rjhrrnf ay/ olawrpi fjrrnfd jzpf, kwfvh**
**t erjulpfaunf orjwjluyf vkipl0frg -**

စီပါပဲ၊ ကျုပ်သိတတ်စအရွယ်ကတည်းက ဘာအသားမှမစားတော့ပါဘူး၊ ရရာအသီးအရွက်နဲ့ပဲ ရောင့်ရဲတင်းတိမ်ခဲ့ပါတယ်၊ ပညာရှိသူတော်ကောင်းတွေထံ ဆည်းကပ်ခစားပြီး ပညာတွေရှာဖွေခဲ့ပါတယ်၊ သူတော်ကောင်းတရားတွေနဲ့မွေ့လျော်ရင်း သတ္တဝါဝေနေယျတွေအပေါ် မေတ္တာအမြဲပို့နေပါတယ်၊ ကြုံကြိုက်လာတဲ့ အပူသည်တွေရဲ့ဒုက္ခ၊ ပြဿနာကိစ္စအဝဝကို ကူညီဖြေရှင်းပေးပါတယ်အဆွေတို့”

စကားအရာဟာ အင်မတန်ပြေပြစ်တာနဲ့အမျှ နှုတ်ထွက်အသံဆိုတာကလည်း နားဝင်ပီယံဖြစ်လောက်အောင် ချိုသာလှပါကလား။

သည်တော့ လောကကြီးရဲ့ မာယာပရိယာယ်တွေကို နားလည်ခြင်း၊ ကျွမ်းကျင်ခြင်းမရှိတဲ့ ဖြူဖွေးနဲ့ ထိပ်ကွက်တို့လည်း မိုးမှောင်ရဲ့စကားရေလျှဉ်ကြောမှာ နစ်မျောသွားခဲ့ကြပါပြီ။ အဲဒါကြောင့်ပဲ ဖြူဖွေးက စကားစလိုက်ပါတယ်။

“အို . . . သူတော်စင်ပညာရှိ၊ ကျွန်တော်တို့ နှစ်ဦးဟာ ပိုင်ဆိုင်မှုတစ်ခုအတွက် သူ့ဘက်၊ ကိုယ့်ဘက် အငြင်းအခုံဖြစ်နေကြပါတယ်၊ ဒီအတွက်ဥပဒေအရဖြေရှင်းပေးနိုင်မယ်ဆိုရင် ဖြေရှင်းပေးပါ၊ ကျွန်တော်တို့ထဲက လိမ်ပြောတဲ့သူဆိုရင် သူ့ရဲ့လိမ်ညာမှုကို ဖော်ထုတ်ပြီး အသက်ဆုံးအောင်စီရင်နိုင်ပါတယ် ခင်ဗျား . . .”

“ဟုတ်ပါတယ်၊ မှန်ပါတယ် သူတော်စင်ပညာရှိ”

အဲဒီလိုဖြူဖွေးနဲ့ ထိပ်ကွက်တို့ဟာအမွှမ်းတင်လာတော့ မိုးမှောင်လည်း ဘဝင်တကြွကြွဖြစ်သွားပါတော့တယ်။ သည်တော့ ဇာတိရုပ်အစစ်အမှန်မပေါ်ရလေအောင် အောင့်အည်းသည်းခံပြီး–

“အဆွေတို့ . . . အဲဒီလိုတော့မပြောကြပါနဲ့လား၊ ကျွန်ုပ်ရဲ့သက်တမ်းတစ်လျှောက်မှာ ဘယ်သူဘယ်ဝါကိုမှ ထိခိုက်နစ်နာအောင်မလုပ်ခဲ့သလို အမှုအခင်းတွေကိုလဲ မှန်မှန်ကန်ကန်တိတိကျကျဖြေရှင်းဆောင်ရွက်ခဲ့တာချည်းပါပဲ။”

“ခု အဆွေတို့ဖြစ်တဲ့ပြဿနာကို ကျုပ်ဉာဏ်စွမ်းရှိသမျှပြေလည်အောင် ဖြေရှင်းပေးပါ့မယ်၊ ကိုင်း . . . ဒီတော့ ပြဿနာဖြစ်စဉ်ကို တင်ပြကြပါ”

မိုးမှောင်က စကားလမ်းဖွင့်ပေးတော့ ဖြူဖွေးကစပြီး တင်ပြပါတယ်။

“အရှင်ပညာရှိ၊ ပြဿနာက ဒီလိုပါ၊ ကျွန်တော်ဟာ မိတ်ဆွေအပေါင်းအသင်းတွေ အလည်ခေါ်တာနဲ့ ကျွန်တော့်ဝပ်ကျင်းကလေးကနေထွက်ပြီး လိုက်သွားခဲ့

တာ ရက်နည်းနည်းကြာသွားခဲ့ပါတယ်၊ ပြန်ရောက်တဲ့အခါ ကျွန်တော့်ရဲ့ဝပ်ကျင်းကို ဟောဒီထိပ်ကွက်က နေရာယူထားခဲ့ပါတယ် . . .”

ဖြူဖွေးရဲ့စကားဟာ မဆုံးသေးပါဘူး။ ထိပ်ကွက်က–

“ဟာ . . . အဲဒါ ငါ့ဝပ်ကျင်း . . . ငါ့ဝပ်ကျင်း . . .” လို့ ဝင်ရောက်ပြောဆိုပါတယ်၊ မိုးမှောင်က တကယ့်တည်ကြည်သမာဓိပြည့်ဝတဲ့ပုံနဲ့–

“အဆွေတို့နှစ်ယောက် ခုလို စကားပြိုင်မပြောကြပါနဲ့၊ တစ်ဦးပြီးမှ တစ်ဦးပြောကြပါ၊ ကျုပ်သေသေချာချာနားထောင်ပြီး အမှုဆုံးဖြတ်ချင်လို့ပါ” ဆိုပြီး ဟန့်တားရတော့တယ်။

သည်တော့ ဖြူဖွေးက သူ့စကားပြန်ဆက်တယ်။

ဖြူဖွေးပြောဆိုပြီးတဲ့အခါ ထိပ်ကွက်က စကားပြောတယ်။ မိုးမှောင်ဟာ ငြိမ်ငြိမ်သက်သက် နားထောင်ရင်းကနေ –

“နေကြပါအုံး . . . အဆွေတို့၊ ခဏလောက်နေကြပါအုံး . . .၊ ကျုပ်ဟာ ဟောဒီလောကကြီးထဲ သူတော်စင်ပညာရှိအဖြစ်နဲ့ ကျင်လည်ဖြတ်သန်းခဲ့တာ နှစ်ကာလတွေ အတော်ကလေးကိုပဲ ကြာမြင့်ခဲ့ပါပြီ၊ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဆိုတာ အဆွေတို့ ကြားဖူးကြတယ်မဟုတ်လား၊ ဇာတိဆိုတဲ့ မွေးဖွားခြင်းဖြစ်လာလို့ နှစ်ကာလတွေကြာညောင်းတဲ့အခါ အိုမင်းခြင်းဇရာကို ရောက်လာခဲ့ပါတယ်၊ ကျုပ် ဇရာအရွယ်ရောက်ခဲ့ပါပြီ၊ အိုမင်းနေပါပြီ၊ သူ့အသက်လွတ်ရှောင်ကြဉ်ခဲ့တာ၊ သူတော်ကောင်းစိတ်ထားပြီး တရားဓမ္မနဲ့မွေ့လျော်ခဲ့လို့သာ နုပျိုတယ်လို့ ထင်ရတာပါ။

ဇရာရောက်လာတဲ့ ကျုပ်ဟာခုဆို ဗျာဓိနာကျင်ခြင်းတွေနဲ့ရင်ဆိုင်နေရပါပြီ၊ ထင်ရှားတဲ့သာဓကကို ဆောင်ရရင်တော့ ကျုပ်ရဲ့အကြားဓာတ်တွေဟာ ငယ်နုစဉ်ကလို မဟုတ်တော့ဘူး။

ဆိုရရင် . . .နားက တော်တော့်ကိုလေးလာပြီ၊ သင်တို့ တစ်ဦးချင်းပြောဆိုနေတာကို ကျုပ်ဗလုံးဗထွေးပဲ ကြားနေရတယ်။

ကိုင်း . . . ဒီတော့ ကျုပ်ထင်ရှားပြတ်သားစွာ ကြားရလေအောင် ကျုပ်ရဲ့နားနှစ်ဖက်နားကပ်ပြီး ပြောကြပါလား . . .”

“ပြောမယ် . . . ပြောမယ် . . .”

မိုးမှောင်ရဲ့ စကားပရိယာယ်ကို အဟုတ်ထင်သွားတဲ့ဖြူဖွေးနဲ့ ထိပ်ကွက်တို့ဟာ မိုးမှောင်အပေါ် သူတော်စင်ပညာရှိအဖြစ်ယုံမှတ်လို့ အနားကို နှစ်ကောင်သားတိုးကပ်လိုက်စဉ်မှာပဲ –

“ကိုင်းကွာ . . . သေပေတော့”

ဖြူဖွေးရော ထိပ်ကွက်ပါ လျင်မြန်သွက်လက်လှတဲ့ မိုးမှောင်ရဲ့လက်သည်းတွေအောက်မှာ ပြေးမလွတ်တော့ပါဘူး။

“ဟော့ . . . ဟော့၊ ဒီကနေ့ဟာဖြင့် မိုးမှောင်တို့အတွက်တော့ တကယ့်ကို မင်္ဂလာနေ့ပဲဟေ့ . . .”

အဲဒီလိုကြုံးဝါးရင်း . . .မိုးမှောင်ဟာ ဖြူဖွေးနဲ့ ထိပ်ကွက်တို့ကို ကောင်းကောင်းကြီးကိုက်သတ်စားလိုက်ပါတော့တယ်။

ဒီပုံပြင်ကလေးကို အနှစ်ချုပ်လိုက်ရင်တော့ အချင်းချင်းသံသယတွေများပြီး သွေးကွဲနေကြရင်၊ မျိုးမတူဇာတ်ခြားတဲ့သူတွေအပေါ် ရှေ့နောက်စဉ်းစားဆင်ခြင်ခြင်းမပြုဘဲ အထင်ကြီးခဲ့ရင်၊ သူယုတ်မာရဲ့စကားကို အယုံကြီးယုံခဲ့ရင် ကိုယ်ကျိုးနည်းတတ်တယ် ဆိုတာပါပဲကွယ်။ ။

နန္ဒာမိုးကြယ်

# ၂၀၂၀ ပြည့်နှစ်၊ တေဇရုပ်စုံစာစောင်
# စာစီစာကုံးပြိုင်ပွဲအတွက်
# လအလိုက် ယှဉ်ပြိုင်ရမည့်ခေါင်းစဉ်များ

| စဉ် | လအမည် | ခေါင်းစဉ် | နောက်ဆုံးပေးပို့ရမည့် ရက်၊ အချိန် |
|---|---|---|---|
| ၁ | ဇန်နဝါရီလ | ပုခက်လွှဲသောလက် | ၃၁–၁၀–၂၀၁၉၊ ၁၆း၀၀ နာရီ |
| ၂ | ဖေဖော်ဝါရီလ | ညီညွတ်ခြင်း၏ အလှ | ၃၀–၁၁–၂၀၁၉၊ ၁၆း၀၀ နာရီ |
| ၃ | မတ်လ | နွေဦးပန်းချီ | ၃၁–၁၂–၂၀၁၉၊ ၁၆း၀၀ နာရီ |
| ၄ | ဧပြီလ | အားလပ်ရက်ခရီးသွားခြင်း အတွေ့အကြုံများ | ၃၁– ၁–၂၀၂၀၊ ၁၆း၀၀ နာရီ |
| ၅ | မေလ | မြန်မာစာပေ တို့အမွေ | ၂၉– ၂–၂၀၂၀၊ ၁၆း၀၀ နာရီ |
| ၆ | ဇွန်လ | မိုးရွာသောနေ့တစ်နေ့ | ၃၁– ၃–၂၀၂၀၊ ၁၆း၀၀ နာရီ |
| ၇ | ဇူလိုင်လ | သစ်ပင်စိုက်ပျိုးအလှတိုး | ၃၀– ၄–၂၀၂၀၊ ၁၆း၀၀ နာရီ |
| ၈ | ဩဂုတ်လ | လူငယ်နှင့် ပရဟိတစိတ် | ၃၁– ၅–၂၀၂၀၊ ၁၆း၀၀ နာရီ |
| ၉ | စက်တင်ဘာလ | ပြောင်းလဲတိုးတက်လာသောနည်းပညာနှင့် ခေတ်လူငယ် | ၃၀– ၆–၂၀၂၀၊ ၁၆း၀၀ နာရီ |
| ၁၀ | အောက်တိုဘာလ | သီတင်းကျွတ်လပြည့်ည | ၃၁– ၇–၂၀၂၀၊ ၁၆း၀၀ နာရီ |
| ၁၁ | နိုဝင်ဘာလ | အဖေ့ကျေးဇူး | ၃၁– ၈–၂၀၂၀၊ ၁၆း၀၀ နာရီ |
| ၁၂ | ဒီဇင်ဘာလ | အသင်းအဖွဲ့စိတ်ဓာတ် | ၃၀– ၉–၂၀၂၀၊ ၁၆း၀၀ နာရီ |

ပြိုင်ပွဲဝင်စာစီစာကုံးများအား အောက်ပါလိပ်စာအတိုင်း ပေးပို့ရပါမည်–

သို့
မြဝတီစာပေတိုက်(ရုံးခွဲ)
အမှတ်(၁၈၁)၊ (၃၂)လမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉–၃၂၄၉၈၇၁၄

သို့
တာဝန်ခံစာတည်း(တေဇရုပ်စုံ)
မြဝတီစာပေတိုက်
(၁၅)ရပ်ကွက်၊ ဘောက်ထော်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၉–၃၀၁၆၇၅၆၂။ ၀၉–၄၀၁၂၅၈၄၅၁

# မြဝတီစာပေတိုက်

# တေဇရုပ်စုံစာစောင်ဝယ်ယူရရှိနိုင်သော ဆိုင်များစာရင်း

| စဉ် | အကြောင်းအရာ | မြို့ | ဖုန်းနံပါတ် |
|---|---|---|---|
| | နေပြည်တော် | | |
| ၁ | Asia Liht | ပျဉ်းမနား | ၀၁၂၉၄၀၇၄ |
| | ကချင်ပြည်နယ် | | |
| ၂ | ဒေါ်ခင်မိမိမြတ် | ရွှေကူ | ၀၉၄၅၀၄၃၁၁၆၂/၀၉၂၅၆၁၂၉၈၄၂ |
| | ကရင်ပြည်နယ် | | |
| ၃ | ဒေါ်သန္တာဝင်း | ကော့ကရိတ် | ၀၅၈၄၀၇၀၅ |
| | စစ်ကိုင်းတိုင်းဒေသကြီး | | |
| ၄ | ဦးချစ်စရာ | အင်းတော် | ၀၉၇၇၈၈၃၁၈၆၄ |
| ၅ | ဦးသောင်းညွန့် | ကျွန်းလှ | ၀၇၅၅၉၁၀၃ |
| ၆ | ဦးတင်ငွေ | မင်းကင်း | ၀၉၂၆၄၃၁၂၄၄၁/၀၉၂၅၇၅၀၆၄၉၂ |
| ၇ | ကိုဇော်ဇော်အောင် | ရွှေဘို | ၀၉၉၇၃၆၂၄၃၀၉ |
| ၈ | ဦးဝင်းအောင် | ကန့်ဘလူမြို့ | ၀၉၂၅၆၁၉၄၆၃၉ |
| | ပဲခူးတိုင်းဒေသကြီး | | |
| ၉ | ဦးမြဦး | ပေါက်ခေါင်း | ၀၉၂၅၃၃၇၃၁၆၀ |
| ၁၀ | ဒေါ်သီတာချို | လက်ပံတန်း | ၀၉၃၃၂၂၄၁ |
| ၁၁ | ဦးဖုန်းမော် | မိုးညို | ၀၉၇၉၈၄၀၂၆၁၁ |
| ၁၂ | ဦးဇော်ဝင်း | ကြို့ပင်ကောက် | ၀၉၃၁၆၇၂၈၈၂ |
| | မကွေးတိုင်းဒေသကြီး | | |
| ၁၃ | ပုလဲစာပေ | တောင်တွင်းကြီး | ၀၆၃၅၀၄၂၀/၀၉၄၃၀၀၈၈၅၁ |
| ၁၄ | ဦးနေဝင်း | နတ်မောက် | ၀၉၇၇၉၂၃၁၇၂၇ |
| ၁၅ | ဒေါ်စန်း | ရေစကြို | ၀၉၄၀၁၅၁၈၃၅၀ |
| ၁၆ | မျိုးဆက်သစ်စာပေ | မကွေး | ၀၆၃၂၇၂၄၃ |
| ၁၇ | ဦးသိန်းဦး | မင်းတုန်း | ၀၉၂၅၆၀၄၆၆၈၅ |
| | ဧရာဝတီတိုင်းဒေသကြီး | | |
| ၁၈ | ဒေါ်ကြည်ကြည်စိန် | ဇလွန် | ၀၉၄၅၁၂၄၀၅၂၄ |
| ၁၉ | တာလေးမောင် | ဟင်္သာတ | ၀၉၈၅၈၀၁၇၃ |

| စဉ် | အကြောင်းအရာ | မြို့ | ဖုန်းနံပါတ် |
|---|---|---|---|
| ၂၀ | ရွှေမောင်း | ဟင်္သာတ | ၀၉၈၅၀၁၇၇၅ |
| ၂၁ | ဦးကျော်ဝင်း | လပွတ္တာ | ၀၉၃၁၁၆၉၅၄၇ |
| ၂၂ | ဦးဟင်သန်း | ပန်းတနော် | ၀၉၄၂၂၅၀၃၀၄၀ |
| ၂၃ | မအိအိမော် | ဝါးခယ်မ | ၀၉၄၂၂၄၅၈၇၈၄ |
| ၂၄ | မသင်းသင်းစိုး | လေးမျက်နှာ | ၀၉၂၅၀၁၁၉၇၆၀ |
| ၂၅ | ဒေါ်ခင်မာချို | မြန်အောင် | ၀၉၂၅၀၅၆၉၇၇၃ |
| | မန္တလေးတိုင်းဒေသကြီး | | |
| ၂၆ | ထွန်းဦးစာပေ | မန္တလေး | ၀၂၃၉၈၀၁/၃၉၈၉၁ |
| ၂၇ | နဂါးစာပေ | မန္တလေး | ၀၂၃၆၇၄၅ |
| ၂၈ | ညီစာပေ | မန္တလေး | ၀၂၇၄၄၁၈ |
| | ရန်ကုန်တိုင်းဒေသကြီး | | |
| ၂၉ | ဦးအောင်မောင်း | ပန်းဆိုးတန်း | ၀၉၈၅၀၁၅၃၈ |
| ၃၀ | သိတာ-၁ | ပန်းဆိုးတန်း | ၀၁၃၈၄၉၃၉ |
| ၃၁ | မြသော်တာစာပေ | ပန်းဘဲတန်း | ၀၁၃၈၂၂၁၉ |
| ၃၂ | နိုင်ဖင်သန့် | ဗဟန်း | ၀၁၅၅၂၈၀၃/၀၉၇၉၅၃၆၆၅၃ |
| ၃၃ | ဖိုးတုတ် | ပန်းဆိုးတန်း | ၀၉၂၅၀၃၅၄၈၂၂ |
| ၃၄ | ဦးစိုးအောင် | ကျောက်တံတား | ၀၁၂၅၃၂၅၅ |
| ၃၅ | စာပေဗိမာန် | ရန်ကုန် | ၀၁၂၄၉၀၃၁ |
| ၃၆ | မနုဆေးစာပေ | ပန်းဘဲတန်း | ၀၁၃၈၇၆၀၆ |
| ၃၇ | ဒေါ်ကေခိုင် | ဗဟန်း | ၀၉၇၃၀၅၄၀၇၁ |
| ၃၈ | ကိုမောင်ဦး | ကျောက်တံတား | ၀၉၇၃၁၇၅၂၃ |
| ၃၉ | ပစ်တိုင်းထောင် | ဗိုလ်ဆွန်ပတ်လမ်းထိပ် | ၀၉၇၉၈၄၃၁၁၄၂/၀၉၇၃၂၄၈၆၆ |
| ၄၀ | ငါတို့စာပေ | သံဈေး | ၀၉၇၆၇၀၁၉၉၂၆ |
| ၄၁ | စာပေရတနာ | ဒေါ်ဝင်စင်တာ | ၀၉၅၀၆၉၈၄၀ |
| ၄၂ | စာပေနန်းတော် | ၃၆ လမ်း၊ အောက်ဘလောက် | ၀၉၇၃၁၄၀၉၃၆ |
| ၄၃ | ရာပြည့် | ပန်းဆိုးတန်း | ၀၉၇၃၂၄၅၂၈၉ |
| ၄၄ | Super One | ရွှေဘုံသာ | ၀၁၅၃၈၉၂၆ |
| ၄၅ | Ruby Mart | ဘားလမ်း | ၀၁၆၅၇၃၁၄ |

| စဉ် | အကြောင်းအရာ | မြို့ | ဖုန်းနံပါတ် |
|---|---|---|---|
| ၄၆ | ကိုလက်စာပေ | ၃၁ လမ်း | ၀၉၅၀၂၀၀၆၈/၀၁၂၄၉၈၁ |
| ၄၇ | အမြင်သစ် | ကျောက်တံတား | ၀၉၇၃၁၁၃၂၂၄ |
| ၄၈ | ခေတ်သစ် | ကျောက်တံတား | ၀၁၃၈၀၉၆၈ |
| ၄၉ | စိန်ဂေဟာ(ပြည်လမ်း) | ဒဂုံ | ၀၁၃၈၃၈၁၂ |
| ၅၀ | စိန်ဂေဟာ(ပါရမီ) | သမိုင်း | ၀၁၅၂၂၆၄၂ |
| ၅၁ | Asia Light (ရန်ကုန်) | မင်္ဂလာဈေး | ၀၁၂၉၄၀၇၄ |
| ၅၂ | Asia Light (ရန်ကုန်) | ရွှေဂုံတိုင် | ၀၁၂၉၄၀၇၄ |
| ၅၃ | စာပေလောက–၂ | ကျောက်တံတား | ၀၉၇၃၀၃၃၈၀၂ |
| ၅၄ | စာပေလောက–၆ | ရန်ကင်း | ၀၉၇၃၀၁၉၆၆၅ |
| ၅၅ | စာပေလောက–၇ | တ/ဥက္ကလာ | ၀၉၇၃၀၀၈၂၅၄ |
| ၅၆ | စာပေလောက–၈ | မ/ဥက္ကလာ | ၀၉၂၅၀၁၃၇၄၄၉ |
| ၅၇ | စာပေလောက–၁ | လှည်းတန်း | ၀၉၄၂၁၁၃၇၃၈၂ |
| ၅၈ | စာပေလောက(ကျောက်မြောင်း) | ကျောက်မြောင်း | ၀၉၂၅၀၄၂၈၀၀၃ |
| ၅၉ | ဦးတင်ဖိုး | ကျောက်တံတား | ၀၁၃၉၁၀၃၆ |
| ၆၀ | ဦးမြင့်ဦး | ဗိုလ်တထောင် | ၀၉၅၀၈၈၉၂၅ |
| ၆၁ | မသန္တာ | မရမ်းကုန်း | ၀၉၂၅၆၃၉၆၈၅၆ |
| ၆၂ | Gandamar wholesale | မေဓာဝီလမ်း | ၀၁၆၅၇၃၃၄ |
| ၆၃ | အင်းဝစာပေ | ပန်းဆိုးတန်း | ၀၁၂၄၃၂၁၆ |
| ၆၄ | ခရေပင် mark | မင်္ဂလာဒုံမြို့နယ် | ၀၉၃၂၄၉၈၇၂၄ |


မြန်မာနိုင်ငံတွင် ပထမဦးဆုံး ရောင်စုံနေ့စဉ်သတင်းစာထွက်ရှိနေပါပြီ

**နေပြည်တော်**
မြဝတီသတင်းစာတိုက်(နေပြည်တော်)
ဘုရင့်နောင်ရိပ်သာ ပုဗ္ဗသီရိမြို့နယ် စာတည်းမှူးချုပ် ၀၆၇-၄၁၄၀၀၅
စာတည်းမှူး ၀၆၇-၄၁၄၀၀၈ ဖြန့်ချိ/ကြော်ငြာ ၀၆၇-၄၁၄၀၀၉ ဖက်စ် ၀၆၇-၄၁၄၀၀၂

**မန္တလေး(ရုံးခွဲ)**
၈၄ လမ်း ၂၉ × ၃၀ ကြား
ဖုန်း ၀၂-၆၆၆၆၅

**မျဉ်းမနား(ရုံးခွဲ)**
(မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့)
မျဉ်းမနားမြို့ ဗိုလ်တောက်ထိန်လမ်းနှင့်အမှတ်(၈)လမ်း အမှတ်(၁)
မြို့မဈေးအပေါ်ထပ် ဖုန်း/ဖက်စ် ၀၆၇-၂၂၉၈၉

**ရန်ကုန် (ရုံးခွဲ ၂)**
မြဝတီစာပေတိုက်ရုံးခွဲ အမှတ်(၁၈၁) ၃၂ လမ်း အထက်အလယ် ခြေညီထပ် ပန်းဘဲတန်းမြို့နယ်၊ ဖုန်း ၀၁-၃၇၀၂၄၄

**ရန်ကုန် (ရုံးခွဲ ၁)**
အမှတ်(၁၅) ထပ်မြေ မိုးကောင်းလမ်း ဧကကဲ ရန်ကင်းမြို့နယ်
ရန်ကုန်၊ ဖက်စ် ၀၁-၂၄၀၂၀၊ ဖုန်း ၀၁-၄၀၀၆၉၃

သတင်း၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းပေးပို့လိုသူများနှင့် ကြော်ငြာ၊ သတင်းစာ ဖြန့်ချိသူကိုယ်စားလှယ်များ
အောက်ပါလိပ်စာအတိုင်းဆက်သွယ်နိုင်ပါသည်။

# တီဗီ၊ လေအေးပေးစက်များကို အဝေးထိန်းကိရိယာ (Remote Control) ဖြင့် ဖွင့်၊ ပိတ် ထိန်းချုပ်ခြင်း


ဒေါက်တာသန့်စင်(ရူပဗေဒ)





လူသားများ နေ့စဉ်အသုံးပြုနေကြတဲ့ တီဗီ၊ ဗီဒီယို၊ လေအေးပေးစက်၊ ကားတံခါးစတာတွေကို ရီမုတ်ကိရိယာကလေးနဲ့ အလွယ်တကူဖွင့်ခြင်း၊ ပိတ်ခြင်းပြုလုပ်နေကြပါတယ်။ ဒါ့အပြင်တီဗီကြည့်ရာမှာ မိမိကြိုက်နှစ်သက်တဲ့လိုင်းကိုပြောင်း၍ ကြည့်ရှုခြင်း၊ အသံအတိုးအကျယ်၊ အလင်းအမှောင်ချိန်ခြင်း၊ လေအေးပေးစက်ရဲ့ အပူချိန်ကို အတိုးအလျှော့လုပ်ခြင်း စတာတွေကို မိမိတို့ ထိုင်ရာမှ၊ သို့မဟုတ် အိပ်ရာအပေါ်မှ အဝေးထိန်းခလုတ်ရီမုတ်ကိုအသုံးပြု၍ ပြုလုပ်နိုင်ကြပါတယ်။

ရီမုတ်ကိရိယာလေးရဲ့အလုပ်လုပ်ပုံကိုရေးသားဖော်ပြပါမယ်။ အဓိကအချက်က အနီအောက်ရောင်




ခြည်လှိုင်း(Infrared-IR)ကို အသုံးပြုထားခြင်းဖြစ်ပါတယ်။ အနီအောက်ရောင်ခြည်ရဲ့ လှိုင်းအလျားဟာ လူသားတို့မြင်နိုင်တဲ့အနီရောင်ရဲ့လှိုင်းအလျားနဲ့ မိုက်ခရိုဝေ့ဖ် (Microwave) လှိုင်းအလျားအတွင်းရှိပါတယ်။ လှိုင်းအလျားဆိုတာ ကပ်လျက်ရှိတဲ့လှိုင်းထိပ်နှစ်ခုကြားအကွာအဝေးကိုခေါ်ပါတယ်။ မီတာယူနစ်



နဲ့တိုင်းပါတယ်။ အလွန်ငယ်ပါက နာနိုမီတာလို့ခေါ်ပါတယ်။ တစ်နာနိုမီတာဟာ ၀.၀၀၀၀၀၀၀၀၁မီတာရှိပါတယ်။ 1 n m (nano meter) = $1\times 10^{-9}$ m ရှိပါတယ်။ ဒါကြောင့် အလွန်သေးငယ်သောလှိုင်းအလျားဖြစ်ပါတယ်။ အနီအောက်ရောင်ခြည်ရဲ့ လှိုင်းအလျားဟာအလွန်သေးငယ်တာကြောင့် လူသားတို့ရဲ့သာမန်မျက်စိနဲ့မမြင်နိုင်ပါ။ လူသားတို့ဟာ အနီရောင်၊ လိမ္မော်ရောင်၊ အဝါရောင်၊ အစိမ်းရောင်၊ အပြာရောင်၊ မဲနယ်ရောင်၊ ခရမ်းရောင် စတဲ့အခြေခံအရောင်တို့ကို သာမြင်နိုင်ပါတယ်။ ကျန်အရောင်များက ၎င်းအခြေခံအရောင်များကိုပေါင်းစပ်၍ ဖြစ်ပေါ်လာခြင်း ဖြစ်ပါတယ်။

ယခု အနီအောက်ရောင်ခြည်လှိုင်းဟာ လျှပ်စစ်သံလိုက်လှိုင်းဖြစ်ပြီး အလင်းအလျင်နဲ့ သွားပါတယ်။ အလင်းဟာ တစ်စက္ကန့်လျှင် ၃၀၀ ၀၀၀ ၀၀၀ မီတာ၊ သို့မဟုတ် တစ်စက္ကန့်လျှင် ၁၈၆၀၀၀ မိုင်နှုန်းနဲ့သွားပါတယ်။ ဒါကြောင့် ရီမုတ်ကိရိယာမှထွက်တဲ့ အနီအောက်ရောင်ခြည်ဟာ တီဗီမျက်နှာပြင်သို့ အလွန်မြန်သောအလျင်နဲ့ ချက်ချင်း ဖွင့်၊ ပိတ်နိုင်ခြင်းဖြစ်ပါတယ်။ ရီမုတ်ကိရိယာရဲ့ထိပ်ဝမှာ အနီအောက်ရောင်ခြည်ထုတ်မီးလုံး (IR LED -Infrared Light Emitting Diode) တစ်ခုပါပါတယ်။ ရီမုတ်ကိရိယာအတွင်းဓာတ်ခဲထည့်ပြီး စတင်အသုံးပြုပါက ၎င်းမီးလုံးမှ အနီအောက်ရောင်ခြည်လှိုင်း ထွက်လာပြီး တီဗီ၊ ရေဒီယို၊ လေအေးပေးစက်မှာရှိတဲ့အချက်ပေးဖမ်းစက် (sensor) ခလုတ်ကို ၎င်းရောင်ခြည်မှလှိုင်း







များထိပြီး လူရဲ့လက်နဲ့ဖွင့်ပိတ်လုပ်သကဲ့သို့ အဖွင့်အပိတ်နှင့်အခြားအလုပ်များကိုလုပ်ပေးပါတယ်။ တီဗီလိုင်းများချိန်ခြင်း၊ ရှာဖွေခြင်းကို ရီမုတ်ကိရိယာမှထွက်သော လှိုင်းအမျိုးအစားကိုလိုက်၍ အသုံးပြုနိုင်ပါတယ်။ တစ်ခုသိထားဖို့က ၎င်းမှထုတ်သောလှိုင်းဟာ ဒစ်ဂျစ်တယ်လှိုင်း (Digital wave) ဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်ဆိုသည်မှာ ၁ နှင့် ၀ ကို အခြေခံထားပါတယ်။ ၁ ကို ဗို့အားအမြင့်ဆုံး(high) လို့သတ်မှတ်ပြီး ၀ ကို ဗို့အားအနိမ့်ဆုံး(low) လို့သတ်မှတ်ကာ တိကျသေချာသောလှိုင်းများ ပြုလုပ်ထားခြင်းဖြစ်ပါတယ်။

အနီအောက်ရောင်ခြည်လှိုင်းဟာဖောက်ထွင်းအား မကောင်းပါ။ ဒါကြောင့် တီဗီနှင့်ရီမုတ်ကြားတွင် အတားအဆီးတစ်ခုခုရှိပါက လှိုင်းမဖောက်နိုင်၍အသုံးပြုမရပါ။ တီဗီမျက်နှာပြင်ကို ဒီဂရီအနည်းငယ်သာစောင်း၍ ဖွင့်နိုင်၊ ပိတ်နိုင်ပါတယ်။ ရီမုတ်ကိရိယာတွင် တစ်ခါတစ်ရံ ခလုတ်ဖွင့်ပိတ်မရပါက အသုံးပြုတဲ့ဓာတ်ခဲကိုထုတ်ကာစစ်ဆေးပြီး ပြန်ထည့်ပါက အသုံးပြု၍ရနိုင်ပါတယ်။ ဓာတ်ခဲများနေရာအနည်းငယ်လွတ်နေပါက ရောင်ခြည်မထွက်နိုင်တာကြောင့် အလုပ်မလုပ်ပါ။ ရီမုတ်ကိရိယာ ကောင်း၊ မကောင်းစမ်းတဲ့ပစ္စည်းများကို အလွယ်တကူဝယ်ယူနိုင်ပါတယ်။ ရီမုတ်မှာပါတဲ့ ခလုတ်တစ်ခုချင်းကိုနှိပ်ပါက ခလုတ်ကောင်းလျှင် ၎င်းကိရိယာမှအသံမြည်ကာ အချက်ပေးပါတယ်။

ရီမုတ်တစ်ခုနှင့်တစ်ခု အလုပ်လုပ်ပုံချင်းမတူတာကြောင့် တီဗီရီမုတ်နှင့် လေအေးပေးစက်ရီမုတ်မတူပါ။ ယခုအခါ တီဗီအမျိုးအစားမျိုးစုံနဲ့လေအေးပေးစက်အမျိုးအစားမျိုးစုံကို ဖွင့်နိုင်၊ ပိတ်နိုင်သောဘက်စုံသုံးရီမုတ် (Universal remote) များပေါ်ထွက်လာပါတယ်။ ၎င်းရီမုတ်တစ်ခုနဲ့ တီဗီအမျိုးမျိုးကို ဖွင့်နိုင်၊ ပိတ်နိုင်ရန် ပြုလုပ်ထားပါတယ်။

အနီအောက်ရောင်ခြည်ကိုအသုံးပြု၍ အပူချိန်တိုင်းကိရိယာ၊ ညကြည့်မှန်ပြောင်း၊ မီးဖိုစတဲ့ပစ္စည်းများကိုထုတ်လုပ်နိုင်ပါတယ်။

သိပ္ပံပညာရှင်များဟာ လူသားများအသုံးပြုနိုင်ရန်အတွက် နယ်ပယ်အသီးသီးမှာ စမ်းသပ်တီထွင်သုတေသနပြုလုပ်နေကြပါတယ်။ ယနေ့ လူငယ်များအနေနှင့်လည်း သူတို့ကိုအတုယူကာ ထူးချွန်သောပညာရှင်များဖြစ်လာစေရန် ဆန္ဒပြုရေးသားလိုက်ရပါတယ်။ ။

ဒေါက်တာသန့်စင်(ရူပဗေဒ)



# English For Tayza

Ei Phyu

ဘာဂျာ(Harmonica)



The little percussion instrument is called the harmonica. The mouth is a harp or sometimes a french harp.

ပါးစပ်ဖြင့်မှုတ်ရသည့် သံစုံတူရိယာကလေးကို ဘာဂျာဟုခေါ်သည်။ ပါးစပ်မှုတ်ဘာဂျာဟူ၍လည်းကောင်း၊ တစ်ခါတစ်ရံပြင်သစ်စောင်းဟူ၍လည်းကောင်း ခေါ်ကြသည်။



ဒူးရင်းသီး(Durian)

Durian is a cultivated fruit in southern myanmar. The trunk is large and the height is high. The back is golden-brown; On the other hand, it is light green. Even when ripe, it comes off automatically.

ဒူးရင်းသီးသည် မြန်မာနိုင်ငံတောင်ဘက်ပိုင်းတွင် စိုက်ပျိုးဖြစ်ထွန်းသော အသီးတစ်မျိုးဖြစ်သည်။ ပင်စည်မှာကြီးမားလှပြီး အမြင့်မှာလည်း မြင့်မားလှပါသည်။ ကျောဘက်တွင် ရွှေအိုရောင်ရှိပြီး တစ်ဖက်တွင် အစိမ်းရောင်နုနုပင်ဖြစ်သည်။ မှည့်လျှင်ပင်မြင့်ပေါ်မှ အလိုအလျောက် ပြုတ်ကျလာသည်။

**စောင်းကောက်(Harp)**

The harp is one of the earliest myanmar string instruments.

စောင်းကောက်သည် ရှေးကတည်းကရှိခဲ့သော မြန်မာ့ကြိုးတပ်တူရိယာတစ်ခုဖြစ်သည်။



# ကမ္ဘာ့နိုင်ငံများအနှစ်ချုပ်မှတ်စု

သီဟညိုမောင်

စင်ကာပူနိုင်ငံ

| | |
|---|---|
| ၁။ မြို့တော် | စင်ကာပူမြို့ |
| ၂။ အကြီးဆုံးမြို့ | စင်ကာပူမြို့ |
| ၃။ ရုံးသုံးဘာသာစကား | အင်္ဂလိပ်ဘာသာ၊ မလေးဘာသာ၊ မန်ဒရင်တရုတ်ဘာသာ |
| ၄။ ဧရိယာအကျယ်အဝန်း | ၂၈၀ စတုရန်းမိုင် |
| ၅။ လူဦးရေခန့်မှန်း | ၅၇၀၃၆၀၀ |
| ၆။ အများဆုံးကိုးကွယ်သည့်ဘာသာ | ဗုဒ္ဓဘာသာ |
| ၇။ သုံးစွဲသည့်ငွေကြေး | စင်ကာပူဒေါ်လာ (SGD) |

အလံ



အထိမ်းအမှတ်တံဆိပ်




စပိန်နိုင်ငံ

| | |
|---|---|
| ၁။ မြို့တော် | မက်ဒရစ်မြို့ |
| ၂။ အကြီးဆုံးမြို့ | မက်ဒရစ်မြို့ |
| ၃။ ရုံးသုံးဘာသာစကား | စပိန်ဘာသာ |
| ၄။ ဧရိယာအကျယ်အဝန်း | ၁၉၅၃၆၀ စတုရန်းမိုင် |
| ၅။ လူဦးရေခန့်မှန်း | ၄၇၁၀၀၃၉၆ |
| ၆။ အများဆုံးကိုးကွယ်သည့်ဘာသာ | ရိုမန်ကက်သလစ်ဘာသာ |
| ၇။ သုံးစွဲသည့်ငွေကြေး | ယူရို (EUR) |

အလံ



အထိမ်းအမှတ်တံဆိပ်



## ကျောက်ပန်းတောင်းမြို့

ကျောက်ပန်းတောင်းမြို့ဟာ မြန်မာနိုင်ငံအလယ်ပိုင်း၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ် အတွင်းအစိုးရရုံးစိုက်ရာမြို့ဖြစ်ပါတယ်။ ကျောက်ပန်းတောင်းမြို့ဟာ စတုရန်းမိုင် ၂မိုင်ခန့်ကျယ်ဝန်းပါတယ်။ ကျောက်ပန်းတောင်းမြို့ရဲ့အရှေ့ဘက်မှာ မိတ္ထီလာမြို့၊ တောင်ဘက်မှာ မကွေးတိုင်းဒေသကြီးရှိ နတ်မောက်မြို့နှင့် ရေနံချောင်းမြို့၊ အနောက်ဘက်မှာ ညောင်ဦးမြို့၊ ချောက်မြို့နှင့် မြောက်ဘက်မှာ တောင်သာမြို့၊ မလှိုင်မြို့တို့တည်ရှိပါတယ်။ ပင်လယ်ရေမျက်နှာပြင်အထက် ၁၂၂၄ပေမှာတည်ရှိကာ တောင်ကုန်း၊ တောင်တန်းများ ပေါများပြီး သဲဆန်တဲ့မြေပြန့်များလည်းရှိပါတယ်။ မြို့အတွင်းရှိ တောင်ဇင်းချောင်းဟာ မြောက်မှတောင်သို့ စီးဆင်းနေပါတယ်။ ကျောက်ပုံချောင်းနဲ့ ပင်းချောင်းတို့ကလည်း အရှေ့မှအနောက်သို့ စီးဆင်းနေပါတယ်။ ရေချိုများဖြစ်ပြီး သောက်သုံးရန်နဲ့ စိုက်ပျိုးရန်တို့အတွက် အသုံးပြုပါတယ်။ မြို့ရဲ့အရှေ့ဘက်နဲ့အရှေ့မြောက်ဘက်တို့မှာ တောင်ကုန်း၊ တောင်တန်းပေါများပြီး တောင်ဘက်မှာတော့ စိုက်ပျိုးရေးအတွက် သဲဆန်တဲ့မြေပြန့်လွင်ပြင်များရှိပါတယ်။

ကျောက်ပန်းတောင်းမြို့မှာ ဗမာလူမျိုးများ အများဆုံးနေထိုင်ကြပါတယ်။ ကရင်၊ ကချင်၊ ချင်း၊ ရခိုင်၊ ရှမ်း စတဲ့လူမျိုးများလည်း နေထိုင်ကြပါတယ်။ ဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်ကြကာ ခရစ်ယာန်ဘာသာကိုးကွယ်သူ အနည်းငယ်ရှိပါတယ်။ ကျောက်ပန်းတောင်းမြို့ဟာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ကျောက်ပန်းတောင်းမှ ပျဉ်းမနား၊ ချောက်၊ ညောင်ဦးသို့ ရထားလမ်းရှိပါတယ်။ ကျောက်ပန်းတောင်းမှ မန္တလေး၊ မိတ္ထီလာ၊ မြင်းခြံ၊ တောင်ကြီးနဲ့ လွိုင်ကော်မြို့များသို့လည်း ကားလမ်းများနဲ့ဆက်သွယ်လျက်ရှိ

# မြန်မာနိုင်ငံ၏အထင်ကရမြို့ကြီးများ

ထက်ငယ်



ပါတယ်။

ကျောက်ပန်းတောင်းမြို့နယ်ဟာ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိတဲ့ မြို့နယ်ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများကိုလည်း စီးပွားဖြစ်လုပ်ကိုင်ကြပါတယ်။ မြို့ရဲ့အဓိကထွက်ကုန်တွေကတော့ နှမ်း၊ ပဲအမျိုးမျိုး၊ ဆန်စပါး၊ ကြက်သွန်၊ ထန်းလျက်၊ မန်ကျည်းတို့ဖြစ်ပြီး ရန်ကုန်၊ မန္တလေးမြို့ကြီးများသို့ အဓိကတင်ပို့ရောင်းချပါတယ်။ ရန်ကုန်၊ မန္တလေးမြို့ကြီးများမှ လူသုံးကုန်ပစ္စည်းများကိုလည်း တင်သွင်းပါတယ်။ နိုင်ငံပိုင် ပိုဇိုလန်စက်ရုံနဲ့ဝါကြိတ်စက်ရုံအပါအဝင် စက်ရုံ ၇ ရုံ၊ အလုပ်ရုံ ၆၅ ရုံ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ၃၂၉ ခုရှိပါတယ်။

ကျောက်ပန်းတောင်းလို့ခေါ်တွင်ရခြင်းက ကုန်းတော်ကြီးဘုရားတည်ရာတောင်တန်းမှာ ကျောက်ပန်းများထူထပ်စွာပေါက်ရောက်နေတာကိုတွေ့ရှိရတာကြောင့် ကျောက်ပန်းများကိုအစွဲပြုပြီး မြို့အမည်ကို ကျောက်ပန်းတောင်လို့ခေါ်ရာမှ နောင်တွင် ကျောက်ပန်းတောင်းလို့ခေါ်တွင်ခဲ့ပါတယ်။ မြို့ရဲ့ထင်ရှားတဲ့နေရာများကတော့ ဆုတောင်းပြည့်မဟာစေတီကြီးဘုရား၊ မြတ်ရွှေဂူ၊ မြစည်းခုံ၊ ထီးတော်ရှင်၊ မြို့ဦးအောင်စေတီတော်၊ မင်္ဂလာစေတီကုန်းတော်ကြီးဘုရား၊ ပုပ္ပားတောင်ကလပ်တို့ဖြစ်ကြပါတယ်။

ပုပ္ပားတောင်ဟာ ကျောက်ပန်းတောင်းမြို့ရဲ့အရှေ့တောင်ဘက်မှာ တည်ရှိနေပါတယ်။ ပဲခူးရိုးမရဲ့ မြောက်ဘက်အစွန်းမှာ သီးခြားထိုးထွက်နေတဲ့ မီးတောင်ဟောင်းကြီးတစ်ခုပဲဖြစ်ပါတယ်။ အမြင့်ပေ ၄၉၈၁ ပေရှိပါတယ်။ ဘူမိဗေဒပညာရှင်တို့အဆိုအရ ပုပ္ပားတောင်ဟာ လွန်ခဲ့သောနှစ်ပေါင်း ၁၅ သန်းလောက်ကပေါ် ထွန်းလာခဲ့ကြောင်းသိရှိရပါတယ်။ 'ပုပ္ပားတောင်'လို့ဆိုကြလျှင် ကိုးကွယ်ယုံကြည်မှုဆိုင်ရာဘုရားပုထိုးများ၊ အဆောက်အအုံများရှိတဲ့ ပုပ္ပားတောင်ကလပ်ကိုသာ အလွယ်မှတ်ယူလေ့ရှိကြပါတယ်။ ဒါပေမဲ့ ပုပ္ပားတောင်ကလပ်ဟာ ပုပ္ပားတောင်မကြီးပေါက်ကွဲရာမှ ပွဲ့ကျလာတဲ့အစိတ်အပိုင်းမျှသာဖြစ်ပါတယ်။ ပုပ္ပားတောင်ကလပ်ရဲ့အမြင့်ကတော့ ၂၄၁၇ ပေသာ ရှိပါတယ်။ ။

ထက်ငယ်



# qe;lu , x;jcm;y&yrsm;

ခင်ဦး



ဒီပုံထဲက ရေတံခွန်ငယ်လေးကတော့ အမေရိကန်နိုင်ငံ နယူးယောက်ပြည်နယ်အနောက်ပိုင်း Chestnut Ridge ဥယျာဉ်နယ်မြေထဲမှာ တည်ရှိပါတယ်။ ထူးခြားတာကတော့ ရေတံခွန်ငယ်ရဲ့ ကျောက်ဆောင်အောက်မှာ မီးတောက်ငယ်တစ်ခု တောက်လောင်နေပါတယ်။ အကြောင်းကတော့ ဒီနေရာမှာ သဘာဝဓာတ်ငွေ့တွေ စိမ့်ထွက်နေလို့ဖြစ်ပြီး မီးတောက်ဟာ အဆက်မပြတ်တောက်လောင်နေရခြင်းဖြစ်ပါတယ်။ မီးတောက်ငယ်ကို အကြောင်းပြုကာ ရေတံခွန်ကို Eternal Flame Falls လို့ အမည်ပေးထားပါတယ်။

ဒီပုံထဲကပန်းတွေကတော့ အဇီလီယာ (Azalea) လို့ခေါ်တဲ့ ချုံပင်မျိုးနွယ်ပန်းများဖြစ်ပါတယ်။ ဂျပန်၊ ကိုရီးယားနဲ့ အမေရိကန်နိုင်ငံတွေမှာတော့ ဒီပန်းတွေဟာ လှပလွန်းတာကြောင့် ပန်းပွဲတော်တွေ ကျင်းပလေ့ရှိပါတယ်။ နွေဦးရာသီအစောပိုင်းလောက်မှာ ပွင့်လေ့ရှိပြီး အရောင်အားဖြင့် အနီ၊ ပန်းရောင်၊ အဝါ၊ ခရမ်း၊ အဖြူစသည်ဖြင့် အရောင်စုံရှိပါတယ်။ ဒီပန်းပင်တွေဟာ ၈ ပေခန့်အထိ မြင့်မားတတ်ပေမဲ့ အချို့ကတော့ ၄ ပေ ဝန်းကျင်ခန့်အထိပဲ မြင့်တတ်ပါတယ်။






ဒီပုံထဲက မြင်ရတဲ့အကောင်လေးကတော့ Dolophones conifera လို့ခေါ်တဲ့ ပင့်ကူကောင်လေးဖြစ်ပါတယ်။ သစ်ပင်ကို ကုပ်ထားပြီး တစ်သားတည်းနေလေ့ရှိတာကြောင့် အရောင်ဆင်တဲ့သစ်ပင်ပေါ်မှာ ရှိနေတဲ့အခါ သတိထားမိဖို့ခက်ပါတယ်။ ဒီသဘာဝကြောင့်ပဲ ထိုပင့်ကူတွေကို wrap-around spider လို့ခေါ်ကြပါတယ်။ အကောင်အရွယ်အစားကတော့ လက်မဝက်သာရှိပါတယ်။ ဩစတြေးလျအနောက်ပိုင်းနဲ့ ကွင်းစလန်ပြည်နယ်တွေမှာ အများဆုံးတွေ့ရလေ့ရှိပါတယ်။

ကိုးကား - သုတရှင်

# စကားပုံများကိုတူးဖော်ခြင်း

သင်းသင်း



ခွေးရူးကောင်းစား တစ်မွန်းတည့်

ခွေးရူးဟာ စိတ်ဖောက်ပြန်လျှင် လူအများကို လိုက်လံကိုက်တတ်ရာ အားလုံးက ထွက်ပြေးတိမ်းရှောင်ကြလို့ တစ်ကောင်တည်းမင်းမူနိုင်ပေမဲ့ တစ်မွန်းတည့်ချိန်မျှသာကြာတတ်ပါတယ်။ လူအများက တုတ်၊ လှံ၊ အုတ်ခဲတို့နဲ့ ဝိုင်းဝန်းပစ်ပေါက်နှိမ်နင်းကြလို့လည်း သေဆုံးကြရပါတယ်။

စွမ်းရည်၊ အရည်အချင်း မရှိဘဲ မောက်မာသူတွေဟာ ခေတ္တခဏမျှသာ မောက်မာနိုင်လို့ နောက်များမကြာမီမှာ ဇာတ်ရုပ်ပေါ်ပြီး ပျက်စီးရမြဲဖြစ်တယ်လို့ ဆိုလိုပါတယ်။

..........................................................................................



ခရီးတွင်လို့ ရွာစဉ်မသိ

ခရီးသွားသူဟာ ခရီးစဉ်တစ်လျှောက်ကို စိုက်လိုက်မတ်တတ်လျှောက်၍သွားလို့ ခရီးတွင်ပေမဲ့ လမ်းခရီးတစ်လျှောက်မှာရှိတဲ့ ရွာစဉ်ကို မှတ်သားမထားတာကြောင့် မသိ၊ မမှတ်မိဘဲရှိတယ်လို့ ဆိုလိုပါတယ်။

လုံ့လ၊ ဝီရိယ စိုက်ထုတ်ပြီး ကြိုးစားလုပ်သော်လည်း ဉာဏ်မယှဉ်တဲ့အခါ ရသင့်တဲ့အကျိုးကျေးဇူးကို မရရှိတတ်ကြောင်း၊ အကျိုးရှိသော်လည်း ရှိသင့်သလောက်မရှိတတ်ကြောင်း ပြောဆိုလိုတဲ့အခါ ဒီစကားပုံကို သုံးလေ့ရှိပါတယ်။

စာစီစာကုံးပြိုင်ပွဲ

ပထမဆု



မသင်းမြတ်နိုး
န၀မတန်း
အ-ထ-က ရှုံးရှိ
ဂန့်ဂေါမြို့နယ်

# လူငယ်နှင့် ပရဟိတစိတ်

"ယနေ့လူငယ် နောင်ဝယ်လူကြီး"ဆိုသကဲ့သို့ ယနေ့ လူငယ်များသည် နိုင်ငံ့အနာဂတ်ကြယ်ပွင့်လေးများဖြစ်ကြ၏။ ထိုလူငယ်တို့သည် နိုင်ငံတော်တည်ဆောက်ရေးတွင် နေရာကဏ္ဍမျိုးစုံမှ ပါဝင်တာဝန်ထမ်းဆောင်ကြရမည်။ သို့ဖြစ်ရာ ထိုလူငယ်တို့၏စိတ်နှလုံးတွင် အများအကျိုးကို သယ်ပိုးလိုသည့် ပရဟိတစိတ်ကိန်းအောင်းနေရန် လိုအပ်ပေသည်။ ထိုသို့ လူငယ်နှင့် ပရဟိတစိတ်သည် ရေနှင့်ကြာပမာ ယှဉ်တွဲနေမှသာ နိုင်ငံတော် တင့်တယ်နိုင်မည်ဖြစ်သည်။

ပရဟိတစိတ်ဟူသည် အားနည်းသူကိုဖေးမကူညီတတ်သော စိတ်ဓာတ်မွန်ဖြစ်၏။ အစစ်မှန်ဆုံးသောပရဟိတစိတ်မှာ မိမိကိုယ်ကျိုးကို တစ်စုံတစ်ရာမမျှော်မှန်းဘဲ စေတနာသန့်သန့်ဖြင့် ကူညီခြင်းဖြစ်သည်။ အများအကျိုးကို သယ်ပိုးခြင်းဟုလည်းဆိုနိုင်သည်။ ထိုပရဟိတစိတ်၏ ဆန့်ကျင်ဘက်ကားအတ္တဟိတစိတ်ပင်ဖြစ်၏။ အတ္တအမှောင်ဖုံးလွှမ်းသူသည် လူ့ဘောင်လောကကိုပျက်စီးစေ၏။ နိုင်ငံတော်ကို နိမ့်ကျစေ၏။ "မိမိအကျိုးစီးပွားကိုသာသိပြီး အများအကျိုးကိုမသယ်ပိုး၊ မထမ်းဆောင်သောသူသည် မျက်စိတစ်လုံးချို့သည်မည်၏"ဟုပင် မြတ်ဗုဒ္ဓက ဟောကြားဆုံးမခဲ့သည်။ ထို့ကြောင့် အနာဂတ်လူငယ်မောင်မယ်တို့သည် အတ္တအမှောင် ဖုံးလွှမ်းမခံဘဲ ပရဟိတစိတ်မြတ်ဖြင့် နိုင်ငံ့သားကောင်းများအဖြစ် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်။

လူငယ်တို့သည် ဖူးပွင့်စပန်းလေးများနှင့်တူကြ၏။ ဖြူစင်ကြ၏။ တက်ကြွကြ၏။ ကျန်းမာကြံ့ခိုင်၍ ရဲရင့်ကြ၏။ ထိုသို့ အားမာန်ပြည့်ဝသောလူငယ်တို့သာ ပရဟိတစိတ်အပြည့်ဖြင့် လူအများအကျိုးကို စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ကြလျှင် လောကတစ်ခွင် အလှဆင်သကဲ့သို့ ဖြစ်ပေမည်။ လောကတစ်ခွင်သာမက မိမိကိုယ်ကိုပါ အလှဆင်ပြီးဖြစ်ပေမည်။ "လူဖြစ်လာရ၊ တစ်ခဏဝယ်၊ အတ္တပရ၊ မျှတစဉ်းစား၊ အများအကျိုး၊ ရွက်သယ်ပိုးမှ၊ ကိုယ်ကျိုးလည်းရ၊ အောင်မြင်ရမည်၊ လောကတစ်လွှား၊ အလှတရား" ဟူသော ညွန့်ဝင်း(ပညာရေး၊ နတ်တလင်း)၏ကဗျာလေးကဲ့သို့ပင်ဖြစ်၏။ ထို့ကြောင့် လူငယ်တို့အနေဖြင့် ပရဟိတစိတ်ကို ကိုယ်နှင့်မကွာ ယှဉ်တွဲကျင့်ကြံကာ လောကအလှတရားကို ဖော်ဆောင်ကြရမည်ဖြစ်သည်။

ထိုသို့ လောကအလှကို ဖော်ဆောင်ကြသူများတွင် မျိုးဆက်သစ်လူငယ်များ မြောက်မြားစွာပါဝင်သည်။ အမိမြန်မာနိုင်ငံတော်နှင့် ပြည်သူတို့၏ လွတ်လပ်ရေးအတွက် အသက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့သူ ဗိုလ်ချုပ်အောင်ဆန်းသည် ကျွန်မတို့ စံပြုထိုက်သောလူငယ်တစ်ဦးပင်ဖြစ်သည်။ ဗိုလ်ချုပ်၏ အသက်ကိုပင်စွန့်ဝံ့သော ပရဟိတစိတ်မှာ လေးစားအတုယူထိုက်ပေသည်။ ထို့ပြင် ဒေါက်တာဂရင်းဖဲသည် အောင်မြင်တိုးတက်မှုနှင့် လန်ဒန်မြို့ကြီးကိုစွန့်ခွာ၍ ရာသီဥတုဆိုးရွားပြီး အစားအစာရှားပါးသော မြောက်အမေရိကတိုက်၏ မြောက်ဘက်အစွန်းရှိ လားဗရာဒေါနယ်မှ တံငါသည်များကို ကုသစောင့်ရှောက်ပေးခဲ့သည်။ ထိုဒေသသို့ စတင်သွားရောက်ကုသပေးချိန်တွင် ဒေါက်တာဂရင်းဖဲ၏အသက်မှာ ၂၇ နှစ်သာရှိသေးသည်။ ထိုသူတို့သည် ကျွန်မတို့လူငယ်များအား ပရဟိတလမ်း ပြခဲ့ကြခြင်းဖြစ်သည်။ ကျွန်မတို့လူငယ်များအနေဖြင့်လည်း ထိုပရဟိတလမ်းကို လူငယ့်အားမာန်နှင့်အတူ ဆက်လက်လျှောက်လှမ်းသွားကြရပေမည်။

ထိုသို့ ပရဟိတလမ်းပြခဲ့သော မီးအိမ်ရှင်များတွင် သူနာပြုလုပ်ငန်း၏မိခင်ဖြစ်သူ ဖလောရင့်နိုက်တင်ဂေးလ်သည်လည်း အပါအဝင်ဖြစ်သည်။ သူနာပြုပညာကို အဆင့်ဆင့်ကြိုးစားသင်ယူပြီး ချမ်းသာကြွယ်ဝမှုကို စွန့်လွှတ်ကာ ခရိုင်းမီးယားစစ်ပွဲ၌ ထိခိုက်ဒဏ်ရာရသူစစ်သည်များအား တာဝန်ယူကုသပေးခဲ့သည်။ နိုက်တင်ဂေးလ်၏စေတနာတရားနှင့် ပရဟိတစိတ်ဓာတ်မှာ လူငယ်များစံပြုထိုက်သည်။ ထိုနည်းတူ ကြက်ခြေနီအသင်း၏မီးစကို ထွန်းညှိပေးခဲ့သူဟင်နရီဒူးနန့်သည်လည်း ကျွန်မတို့လူငယ်များ၏ စံပြပုဂ္ဂိုလ်တစ်ဦးပင်ဖြစ်၏။ သို့ဖြစ်၍ ပရဟိတစိတ်သည် လူ့လောက၏အားထားရာ မြင့်မြတ်သောမေတ္တာရှင်၊ ကရုဏာရှင်များကို ပေါ်ထွန်းလာစေသည်ဟု ဆိုနိုင်ပေသည်။

လေးသချေင်္နှင့် ကမ္ဘာတစ်သိန်း ပါရမီတော်ကို ဖြည့်ကျင့်ကာ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့၏ အကျိုးကို သယ်ပိုးတော်မူခဲ့သော မြတ်စွာဘုရားရှင်မှာ ပရဟိတစိတ်အရာ၌ တုနှိုင်းမဲ့ပင်ဖြစ်သည်။ ဟယ်လင်ကဲလား၊ မာသာထရီဆာတို့သည်လည်း ပရဟိတစိတ်ပြည့်ဝသော မေတ္တာရှင်သူရဲကောင်းများဖြစ်ပေသည်။ "အများအကျိုးဆောင် ကိုယ့်အကျိုးအောင်"ဆိုသကဲ့သို့ တံတားဆောက်လမ်းဖောက်ကာ ရပ်ရွာအကျိုးသယ်ပိုးခဲ့သော မာဃလုလင်သည် လူအများ၏ချစ်ခင်မှုကို ရရှိခဲ့ရုံမျှမက နောင်ဘဝ၌လည်း သိကြားမင်းအဖြစ် စံမြန်းခဲ့ရသည်။ သို့ဖြစ်ရာ ပရဟိတအလုပ်သည် နောင်သံသရာအထိ ယူဆောင်၍ရသော ကုသိုလ်ရသည့်အလုပ်ဖြစ်သည်။ "ကုသိုလ်လည်းရ ဝမ်းလည်းဝ" သည့် မွန်မြတ်သောအလုပ်ဖြစ်သည်။ ထို့ကြောင့် လူငယ်မောင်မယ်တိုင်း ပရဟိတစိတ်ကို မွေးမြူကြရမည်။

ပရဟိတသူရဲကောင်းများကို ကြည့်လျှင် ပရဟိတစိတ်သည် မေတ္တာ၊ ကရုဏာ၊ စေတနာနှင့် ကိုယ်ချင်းစာတရားများ ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်းသိနိုင်သည်။ ထို့ကြောင့် ပရဟိတစိတ်ရှိသူများသည် မြင့်မြတ်သောစိတ်ထားပိုင်ရှင်များဖြစ်သည်ဟု ဆိုနိုင်သည်။ "အများအကျိုး၊ ရွက်သယ်ပိုးက၊ ခနီးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊ မဖဲ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့" ဟူသော စစ်ကိုင်းရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ကဗျာအတိုင်း ပရဟိတပြုလုပ်ရာတွင် ဝေဖန်ကဲ့ရဲ့မှုများကို စိတ်ကောင်းနှင့်ကျော်လွှားရမည်။ သို့ဖြစ်၍ ပရဟိတပြုလုပ်သူများသည် စိတ်ထားကောင်းကို မွေးမြူကြရ၏။ စိတ်ထားကောင်းမှ ခံနိုင်ရည်ရှိမည်ဖြစ်သည်။ သို့ဖြစ်ရာ လူငယ်တို့၏စိတ်ဓာတ်တွင် ငယ်ရွယ်နုနယ်၍ ပုံသွင်းလွယ်သော ဖယောင်းရုပ်ပမာဖြစ်သည့်

လူငယ်ဘဝမှစ၍ စိတ်ကောင်းစိတ်မြတ်ကို ပျိုးထောင်ပေးကြရမည်ဖြစ်သည်။

ပရဟိတစိတ်သည် တာဝန်သိစိတ်တစ်မျိုးလည်းဖြစ်၏။ ငွေကြေးအမြောက်အမြားပေးလှူခြင်းသာလျှင်ပရဟိတအလုပ်မဟုတ်ပါ။ မိမိပတ်ဝန်းကျင်ရှိ အမှိုက်များကောက်ခြင်း၊ လမ်းတွင် မနိုင်မနင်းသယ်လာသောသက်ကြီးရွယ်အိုများ၏ပစ္စည်းများ ကူသယ်ပေးခြင်း၊ ဘတ်စကားပေါ်တွင် သက်ကြီးရွယ်အိုနှင့်အားနည်းသူများအား မိမိနေရာကို ပေးထိုင်စေခြင်း စသည့်ကူညီမှုများသည်လည်း ပရဟိတအလုပ်များပင်ဖြစ်သည်။ ထိုသို့ကူညီမှုများကြောင့် မိမိပတ်ဝန်းကျင်သည် အလုတရားများဖြင့် ပိုမိုပြည့်စုံလာနိုင်ပါသည်။ ထို့ပြင် မိမိပတ်ဝန်းကျင်နှင့် နိုင်ငံတော်ကို ပိုမိုကောင်းမွန်လာစေလိုသော ပရဟိတစိတ်များကြောင့် မျိုးချစ်စိတ်များ ပိုမိုထက်သန်လာစေသည်။ ထို့ကြောင့် လူငယ်တို့သည် တာဝန်သိစိတ်၊ မျိုးချစ်စိတ်ပြည့်ဝသည့်နိုင်ငံ၏ အင်အားများဖြစ်လာကြပေမည်။

ယနေ့ခေတ်တွင်လည်း ကမ္ဘာကြီးတွင် ရင်ဆိုင်နေရသောကြောက်မက်ဖွယ်ကပ်ဘေးကြီးကို ပရဟိတလူငယ်မောင်မယ်တို့၏အင်အားဖြင့် တွန်းလှန်နေကြသည်။ မြန်မာနိုင်ငံတွင်လည်း ပရဟိတအဖွဲ့အစည်းများသည် ကပ်ရောဂါဆိုးကြီးကိုကျော်လွှားနိုင်ရန် လိုအပ်ချက်များကို တတ်စွမ်းသမျှဖြည့်စွမ်းပေးနေကြသည်။ ထိုပရဟိတအဖွဲ့များတွင် အားမာန်ပြည့်ဝသောပရဟိတမောင်မယ်လေးများမြောက်မြားစွာပါဝင်ကြသည်။ ထိုပရဟိတမောင်မယ်တို့ကား နိုင်ငံ့တာဝန်များကိုအုပ်တစ်ချပ်သဲတစ်ပွင့်ကူညီထမ်းပိုးနေခြင်းဖြစ်လေသည်။ ထိုလူငယ်တို့သည် နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ကောင်းသော ပရဟိတစိတ်ဓာတ်ပိုင်ရှင်များဖြစ်ပေသည်။

ထို့ကြောင့် ကျွန်မတို့လူငယ်များသည် ပရဟိတစိတ်ကို မဖြစ်မနေမွေးမြူကြရမည်။ ပရဟိတစိတ်နှင့်လူငယ်တို့ကင်းကွာနေလျှင် နိုင်ငံအတွက်ပျက်စီးခြင်းများရောက်ရှိလာနိုင်သည်။ သို့ဖြစ်၍ လူငယ်နှင့်ပရဟိတစိတ်သည် ခွဲထား၍မရ။ အတူယှဉ်တွဲနေရမည်။ သို့မှသာ ပရဟိတမောင်မယ်တို့၏အင်အားများဖြင့် မည်သည့်အခက်အခဲကိုမဆို ရင်ဆိုင်ကျော်လွှားနိုင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ချီတက်နိုင်မည်ဖြစ်ပေသည်။ ။

မသင်းမြတ်နိုး

## ဆုရွေးချယ်ရေးအဖွဲ့၏ ပြန်ကြားချက်

**'လူငယ်နှင့် ပရဟိတစိတ်'** စာစီစာကုံးများကို ဆုရွေးချယ်ရေးအဖွဲ့က အဆင့်ဆင့်စိစစ်ရွေးချယ်ခဲ့ရာ အ-ထ-က ရှုံးရှီ၊ ဂန့်ဂေါမြို့နယ်မှ မသင်းမြတ်နိုး(နဝမတန်း) အား ပထမဆုအဖြစ်လည်းကောင်း၊ အ-ထ-က ရှုံးရှီ၊ ဂန့်ဂေါမြို့နယ်မှ မသဇင်မိုး(သတ္တမတန်း – **B**) အား ဒုတိယဆုအဖြစ်လည်းကောင်း၊ အ-လ-က (ခွဲ)အနောက်ဂန့်ဂေါ၊ ဂန့်ဂေါမြို့နယ်မှ မရွှန်းအိသွယ်(အဋ္ဌမတန်း) အား တတိယဆုအဖြစ်လည်းကောင်း ရွေးချယ်ထားပါသည်။


ဖိုးကဲစိန်
Phoe Kae Sein
Cartoon: Ko Nge
TR: Wanna
ကာတွန်း–ကိုငယ်.........
အားပုရေ မင်းကို တွေ့တုန်း မေးရအုံးမယ်...
I will ask you while meeting, Ar Pu.
ဘာမေးမလို့လဲ မေးလေ ဖိုးကဲစိန်ရဲ့ ...
What do you ask me, Phoe Kae Sein?
မင်းရဲ့ဖေဖေကြီးက ဘာအလုပ်လုပ်သလဲကွ...
What does your father do?


ငါ့ရဲ့ ဖေကြီးက ကားမောင်း
တယ်လေကွာ...
He is a driver.
ဪ...
ကားမောင်းတာ
တဲ့လား အဟင်း...ဟင်း...
Aww... your father is a driver.
ကြွားတယ်လို့တော့ မထင်နဲ့နော်
You don't think me as a boast boy.
ငါ့ရဲ့ ဖေကြီးက လေယာဉ်ပျံ
မောင်းတာကွ ဟား...ဟား...
My father is a pilot.


အလုပ် လုပ်ကြတာချင်း တူကြတယ် ဆိုပေမဲ့ ...
Our fathers work at their field.
ငါ့ရဲ့ ဖေကြီး လုပ်တဲ့ အလုပ်က မြင့်တယ်လို့ ပြောရမှာပေါ့ နော်...
But it is said my father's work is higher.
ကြံဖန်ပြီးတော့ ကြွားမြစ်အောင်ကို ကြွားနေတယ်...
He is so boastful.
ဘာတွေများ မြင့်နေလို့လဲ ပြောစမ်းပါအုံး ...
Tell me the higher standard of your father's work.
လေယာဉ်မှူး မောင်းတာနဲ့ ကားမောင်းတာနဲ့က တော့ ကွာတာပေါ့ကွာ ...
It is not the same driving car and airplane.


ဒါဆို မေးပါရစေဦး
မင်း ရဲ့ ဖေကြီး
မောင်းတဲ့ ...
လေယာဉ်ပျံကို မင်းတို့
မိသားစု ပိုင်သလား...
If so, I will ask you a question. The airplane driven your father
belongs to your family?
အာ.. အင်း
မပိုင်ပါဘူး...
No. it doesn't belong to my family.
အေး...ငါ့ရဲ့ ဖေကြီး
မောင်းတဲ့ ကားကို...
ငါတို့ မိသားစုက
ပိုင်တယ်သဘောပေါက်..
Okay. The car driven by my father
belongs to our family. Do you understand?


မြဝတီ
စာပေတိုက်ထုတ်
မဂ္ဂဇင်း၊ စာစောင်များ
လပေးသွင်းကြေးပေးဖတ်ရှုနိုင်ပြီ

# အာဘာထ

## တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ချိရေး



လူတိုင်းကျန်းမာ
**အာဘာထ**
စေတနာ



ဖုန်း - ၀၁ ၆၄၂၀၄၇၊ ၀၉-၇၃၂၄၂၁၂၇